# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ သောကြာနေ့၊ (18-5-2007) (၅၃၂၁)


# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်သစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   မေ   ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြင်သစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ၂၀၀၇ ခုနှစ် မေ ၁၆ ရက်တွင် စတင်တာဝန်ထမ်းရွက်သည့် မစ္စတာ နီကိုလပ်(စ်) ဆာကိုဇီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော်   မေ   ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

# မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ကျင်းပ

ရန်ကုန်   မေ   ၁၇

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂နာရီတွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ မြညီလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း တက်ရောက်အားပေး ကြည့်ရှုသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းသည် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မြညီလာခန်းမ၌ **"မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်၊ အမှိုက်ကစ ပြာသာဒ်မီးလောင်၊ မူးယစ်ဆေးကို ဝေးဝေးရှောင်၊ မူးယစ်ကင်းစင်ကျန်းမာမှုတန်ဖိုးရှိလှ လူငယ်ဘဝ"** ဟူသော ခေါင်းစဉ်များဖြင့် အသက်(၁၀) နှစ်အောက်၊ အသက်(၁၀–၁၅) နှစ်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ***



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၇–၅–၂၀၀၇)

| | | |
|---|---|---|
| ကသာ | – | ၂ ဒသမ ၉၂ လက်မ |
| မော်လိုက် | – | ၂ ဒသမ ၅၂ လက်မ |
| သံတွဲ | – | ၂ ဒသမ ၃၆ လက်မ |
| မချမ်းဘော | – | ၂ ဒသမ ၂၈ လက်မ |
| ဇန်းမော် | – | ၁ ဒသမ ၉၆ လက်မ |
| ပဲခူး | – | ၁ ဒသမ ၉၆ လက်မ |

## ကြေးမုံ ဆောင်းပါးအညွှန်း

**"နိုင်ငံတော်အနေဖြင့် မိမိတို့လူမျိုးများ ကျန်းမာကြံ့ခိုင်သည့် လူမျိုးဖြစ်လာအောင် စီမံဆောင်ရွက်နေသည်မှာ နိုင်ငံတော်၏ ရှေ့ရေးကို အဘက်ဘက်မှ မျှော်တွေးတွက်ဆပြီး ဆောင်ရွက်နေခြင်းဖြစ်၊ ကျန်းမာကြံ့ခိုင်သည့် လူမျိုးအဖြစ် မရပ်တည်နိုင်ပါက ရေရှည်၌ လူမျိုးပပျောက်သွားနိုင်မည်ကို သတိရှိကြရန်လိုအပ်"**

ဦးဇော်၏ ***"သက်ရှည်ကျန်းမာအောင် ပြုစုစောင့်ရှောက် ပေးကြစို့"***

(ဆောင်းပါး) စာမျက်နှာ — ၆၊၇

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

# တိုင်းမှူး ဗိုလ်ချုပ်သာအေး မုံရွာခရိုင်နှင့် ကလေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၈ ရက် နံနက်ပိုင်းတွင် မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်(၂၆/၀)ရှိ စစ်ကိုင်းတိုင်း ခြံစည်းရိုးကြက်ဆူအထူးဇုန်(၁)ရှိ တိုင်းရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူဧက ၁၀၀ စိုက်ခင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူဧက ၁၁၀၀ စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဆက်လက်တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားသည်။**

ထိုမှတစ်ဆင့် တိုင်းမှူးသည် တင်ဝင်းထွန်းကုမ္ပဏီ ကြက်ဆူစိုက်ခင်း ဧက ၁၀၀၀ ပျိုးဥယျာဉ်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ကြက်ဆူအကြား၌ အခြားကြားသီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

**လိုအပ်သည်များမှာကြား**

ဆက်လက်၍ တိုင်းမှူးသည် လာဘိုရှိ မုံရွာ-ယာကြီး-ကလေးဝလမ်းလုပ်ငန်းအဖွဲ့၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းအား ကြည့်ရှုအားပေးပြီး မိုင်တိုင် (၆၄/၅)ရှိ စက်ယန္တရားများဖြင့် လမ်းဘေးရေမြောင်းတူးဖော်ခြင်း၊ ကျောက်စီမြေထိန်းနံရံပြုလုပ်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကလေးမြို့နယ် ကွန်ပျူတာတက္ကသိုလ် (ကလေး)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်မိမိရင်က သင်ကြားစီမံကိန်းစာရပ်များနှင့် ပင်မသုံးထပ်ဆောင် မြေနေရာ ရွေးချယ်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ပင်မသုံးထပ်ဆောင်ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကလေးမြို့ ကျိုကုန်းကျေးရွာ ရာဇဂိရိကုန်းတော်ပေါ်ရှိ မဟာသာလပဋိမာ ရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရှင်းလင်းဆောင်၌ တာဝန်ခံ ဗိုလ်မှူးကြီးမြင့်သိန်းက ဂန္ဓကုဋိတိုက်တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရေဆန်ကျွန်းမြတ် တစ်ပါးတိုက်ကျောင်းဆောက်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကလေးမြို့အဝင် ကားလမ်းဘေးဝဲ/ယာရှိ ညောင်ပင်သာစိုက်ကွင်းတွင် မျိုးသန့်စပါးရရှိရေးအတွက် မျိုးကွဲစပါးနှံများဖယ်ရှားသရုပ်ပြပွဲသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကလေးမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးမောင်မောင်က မြို့နယ်၌ နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူးသည် နည်းပညာတက္ကသိုလ်(ကလေး) ပင်မအဆောက်အအုံတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကလေးခရိုင်ဥက္ကဋ္ဌက ပင်မအဆောက်အအုံနှင့် လမ်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပင်မဆောင်ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

အသက် (၁၅-၂၀)နှစ် နှင့် အသက် (၂၀)နှစ်အထက် အလွတ်တန်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

တိုင်းအဆင့် ကာတွန်းပြိုင်ပွဲသို့ ၈၄ ဦး၊ ပန်းချီပြိုင်ပွဲသို့ ၇၃ ဦး၊ ပိုစတာပြိုင်ပွဲသို့ ၇၉ ဦးတို့ ပါဝင်ယှဉ်ပြိုင်သည်။

အလားတူ ကွန်ပျူတာပြိုင်ပွဲသို့ အလယ်တန်းအဆင့် ခြောက်ဦး၊ အထက်တန်းအဆင့် ၁၃ ဦး စုစုပေါင်း ၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် မေ ၁၇**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦးအား ယင်းဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ/စီမံ) ဦးကျော်စိုးအား ယင်းဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ကျောင်းအုပ်ကြီးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။ (သတင်းစဉ်)




**ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် မြန်မာဘရူဝါရီလီမိတက်က လှူဒါန်းငွေကျပ် သိန်း ၅၀ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း လက်ခံစဉ်။** (မြို့တော်စည်ပင်)

## ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် မြန်မာဘရူဝါရီလီမိတက် (Myanmar Brewery Ltd.)က လှူဒါန်းသည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေး ခန်းမ(၄)၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက် ချီးမြှင့်ပြီး အလှူငွေများ လက်ခံသည်။

**ကျေးဇူးတင်စကားပြောကြား**

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် ငွေကျပ်သိန်း ၅၀ ကို မြန်မာဘရူဝါရီလီမိတက်မှ General Manager Mr. Peter Ong နှင့် Deputy General Manager ဦးမောင်မောင်စိန်တို့က ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကွယ်လွန်သူ သမီး မသန့်မေမီဇော်အား ရည်စူး၍ အလှူရှင် မန္တလေးမြို့ ၃၃လမ်း၊ လမ်း ၈၀x၈၁ လမ်းနေ ဦးဇော်ဇော်-ဒေါ်ဝင်းမင်းသန်း (ကြည်ပြာစတိုး) မိသားစုက ငွေကျပ် ၂၁ သိန်း တန်ဖိုးရှိ အောက်ဆီဂျင်ပေးစက်တစ်လုံးကို မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင်ဝင်း၊ ဆေးရုံအုပ် ဒေါက်တာတင်တင်မိုး၊ ပါမောက္ခ သမားတော် ဒေါက်တာ ဦးတင်မောင်ဟန်တို့ လက်ခံကြစဉ်။** (သတင်းစဉ်)

## ဆရာဝန်အသင်း ဉာဏ်သစ်လောင်း ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် မေ ၁၇**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့၏ စဉ်ဆက်မပြတ် ဆေးပညာ လေ့လာဆည်းပူးခြင်း အစီအစဉ်အရ ကိုယ်အင်္ဂါ မသန်စွမ်းသော ကလေးငယ်များအား ခေတ်မီစနစ်များဖြင့် ပြုစုကုသခြင်းအတွက် ဉာဏ်သစ်လောင်း ဆွေးနွေးပွဲ (Refresher Course on Updates in Management of Cerebral Palsy)ကို မေ ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မွေးကင်းစ ကလေးငယ်များပြုစုစောင့်ရှောက်ကုသမှုနှင့် ခွဲစိတ်ခြင်းအကြောင်း ဟောပြော

**ရန်ကုန် မေ ၁၇**

ရန်ကုန် ကလေးဆေးရုံကြီးသို့ စင်ကာပူနိုင်ငံ KK အမျိုးသမီးနှင့်ကလေးဆေးရုံကြီး ခွဲစိတ်ပညာဌာနအကြီးအကဲ Prof Anette Jacobsen ဦးဆောင်သောအဖွဲ့သည် မေ ၈ ရက်မှ ၁၂ ရက်အထိ လာရောက်၍ မွေးကင်းစ ကလေးငယ်များ ပြုစုစောင့်ရှောက်ကုသမှုနှင့် Minimally Invasive Surgery နည်းဖြင့် ခွဲစိတ်ခြင်းအကြောင်းများကို အဓိကထား၍ ဟောပြောဆွေးနွေးခြင်း၊ သရုပ်ပြခွဲစိတ်ခြင်းများ ပြုလုပ်ကြသည်။

၎င်းဆေးပညာနှီးနှောဖလှယ်မှု အစီအစဉ်သည် ၂၀၀၀ ပြည့်နှစ်မှ စတင်၍ နှစ်စဉ် ကျင်းပခဲ့ပြီး နှစ်ဖက်ဆေးရုံမှ ဆရာဝန်များသည် ကလေးကင်ဆာရောဂါကုသမှုမှသည် ခွဲစိတ်ခန်းအတွင်း မေ့ဆေးအသုံးပြုဆိုင်ရာ ပညာရပ်များအထိ ဆွေးနွေးခဲ့ကြသည်။

**(ရန်ကုန်ကလေးဆေးရုံကြီး)**

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက်အထိ
စိတ်ဓာတ်
ကိုယ်ကာယ
ပညာ
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

## မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အသင်းအဆောက်အအုံသစ် ဖွင့်ပွဲနှင့် အသင်းသားစုံညီ အစည်းအဝေး ကျင်းပမည်

**ရန်ကုန် မေ ၁၇**

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် (စနေနေ့) နံနက် ၇နာရီတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနယ်မြေ ယုဇနလမ်းနှင့် နွယ်သာကီလမ်းထောင့် အမှတ် (၄-၁)ရှိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းရုံး အဆောက်အအုံသစ်၌လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်း၏ ဒုတိယအကြိမ် အသင်းသားစုံညီ အစည်းအဝေးကို မေ ၁၉ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉)ရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌လည်းကောင်း ကျင်းပမည်ဖြစ်၍ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွား ၃၂ဦး သေဆုံးပြီး ၅၀ ဒဏ်ရာရရှိ

ဘဂ္ဂဒက် မေ ၁၆

**ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်း ရှီးယိုက်လူမျိုးများ နေထိုင်သော ဈေးအတွင်း၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၃၂ဦး သေဆုံးပြီး ၅၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က မေ ၁၆ ရက်တွင် ပြောကြားသည်။ ယင်းပေါက်ကွဲမှုသည် ကလိုရင်းဓာတ်ငွေ့ အသုံးပြု ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ထင်ရကြောင်း ဆေးရုံအရာရှိများနှင့် ဒုက္ခသည်များက ပြောကြားသည်။ သို့သော် ရဲတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့တို့က ယင်းသို့မဟုတ်ကြောင်း ငြင်းဆိုသည်။**

အီရတ်နိုင်ငံတောင်ပိုင်း ရှီးယိုက်လူမျိုးများ နေထိုင်သော နာဝီရီးယား ဒေသတွင် အလိုရှိသော လက်နက်ကိုင်နှစ်ဦးကို ဖမ်းဆီးရာမှ ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်။ ထိုသို့ဖြစ်ပွားရာ၌ အီရတ်နိုင်ငံသား ကိုးဦး သေဆုံးပြီး ၇၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ရှိ အမေရိကန် ထိန်းချုပ်ထားသော အစိမ်းရောင်နယ်မြေတွင်းသို့ စိန်ပြောင်းနှင့် ဒုံးကျည် ကိုးလုံး ကျရောက်ပေါက်ကွဲခဲ့ရာ အီရတ်နှစ်ဦး သေဆုံးပြီး ၁၀ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့တွင် အမေရိကန်များ မပါဝင်ကြောင်းကို အမေရိကန်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူ လုဖင်ဒါက ပြောကြားသည်။

***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲသည့်နေရာမှ ထွက်လာသော မီးခိုးလုံးများကို မေ ၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဗန်ကောက်မြို့၌ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများဖမ်းဆီးရမိ

**ဗန်ကောက် မေ ၁၆**

ဗန်ကောက်မြို့ ဘန်းပလပ်ခရိုင်၌ မေ ၁၄ ရက်က ပေါက်ကွဲစေတတ်သည့်ပစ္စည်းအချို့ကို ထိုင်းရဲတပ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဖော်ပြသည်။

သတင်းပေးချက်အရ ဘန်းပလပ်ခရိုင်ရှိ အာရီအန်ဂွန်းမောင် အဆောက်အအုံအခန်းတစ်ခန်း၌ ရဲတပ်ဖွဲ့နှင့် ဗုံးရှာဖွေရေး အဖွဲ့က သွားရောက်ရှာဖွေခဲ့ကြောင်း သတင်းက ဖော်ပြသည်။

ရဲတပ်ဖွဲ့သည် ယင်းအခန်းအတွင်းမှ လက်ပစ်ဗုံးတစ်လုံး၊ ယမ်းပျော့တစ်ချောင်းနှင့်အတူ စနက်တံလေးခု၊ ခြောက်လုံးပြူးကျည်ဆန်သုံးတောင့်နှင့် ဇ-မမပစ္စတို တစ်လက်ကို တွေ့ရှိခဲ့သည်။

ယင်းပေါက်ကွဲစေတတ်သည့် ပစ္စည်းများနှင့်အတူ စာတန်းထိုးထားသည့် အဝါရောင်ခေါင်းစည်းတစ်ခုကိုလည်း တွေ့ရှိခဲ့ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**ဂျော်ဒန်နိုင်ငံရှိ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံ တစ်ခုကို မေ ၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အင်ဒိုနီးရှားနိုင်ငံပိုင် ကုမ္ပဏီအများအပြား ပုဂ္ဂလိကပိုင်ပြုလုပ်ရန် စီစဉ်

**ဂျကာတာ မေ ၁၆**

အင်ဒိုနီးရှားအစိုးရက ဘတ်ဂျက်လိုငွေပြမှုကို ကုစားစေရန် ရည်ရွယ်၍ ဆောင်ရွက်သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစီအစဉ်အရ နိုင်ငံပိုင်ကုမ္ပဏီအများစုကို ယခုနှစ်တွင် နောက်ထပ် ပုဂ္ဂလိကပိုင်ပြုလုပ်ရန် စီစဉ်နေကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မိမိတို့အနေဖြင့် ဈေးကွက် အခြေအနေ လေ့လာသုံးသပ်ပြီး ယခုနှစ်အတွင်း ပုဂ္ဂလိကပိုင် ပြုလုပ်မည့် နိုင်ငံပိုင်ကုမ္ပဏီများ၏ အမည်ကို သတ်သတ်မှတ်မှတ် ထုတ်ဖော်ကြေညာသွားမည်ဟု နိုင်ငံပိုင်လုပ်ငန်းဝန်ကြီး ဒီဂျာလီကိုကိုးကား၍ ဂျကာတာပို့စ် သတင်းစာက ဖော်ပြသည်။

လေ့လာမှုများ ပြုလုပ်ပြီးပါက ပုဂ္ဂလိကပိုင်လုပ်ရမည့် ကုမ္ပဏီများစာရင်းကို အောက်လွှတ်တော်၏ သဘောတူထောက်ခံမှုရရှိစေရန် တင်ပြရမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

### စာရင်းပြုစု

၂၀၀၇ခုနှစ် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစီအစဉ်အရ အစိုးရက ပုဂ္ဂလိကပိုင် ပြုလုပ်မည့် ကုမ္ပဏီကိုးခုစာရင်းကို ပြုစုထားပြီးဖြစ်သည်။ ယင်းတို့တွင် ဂျာဆာမာဂါ၊ အင်ဒိုနီးရှားနီဂါရာဘဏ်၊ ဝီဂျာယာကာယာကန်ထရိုက်ကုမ္ပဏီ၊ အင်ဒိုနီးရှားဂရူဒါလေကြောင်းဌာန၊ အင်ဒိုနီးရှား မာပါတီနုဆန်တာရာနှင့် ပါမိုဒီလန်နာရှင်နယ်၊ မန်ဒါနီ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတို့ ပါဝင်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***




## အိန္ဒိယ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး ကြက်၊ ဘဲများတွင် မတွေ့ရှိ

**နယူးဒေလီ မေ ၁၆**

အိန္ဒိယနိုင်ငံပြည်နယ်နှစ်ခုတွင် သေဆုံးနေသော ကြက်နှင့်ဘဲများကို စမ်းသပ်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး မတွေ့ရှိကြောင်း အစိုးရက မေ ၁၄ရက်တွင် ပြောကြားသည်။

ဘင်္ဂလားပြည်နယ်အရှေ့ပိုင်း ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မာတီဂါရာရွာအစွန်ရှိ ကြက်ငှက်မွေးမြူရေးခြံ၌ မေလ စောစောပိုင်းက ကြက်အကောင် ၂၅၀၀ခန့် သေဆုံးခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်ဒေသ၌ $H_5N_1$ ကြက်ငှက် တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး ကျရောက်နေသည်ကို သိရှိရသည်။

ကေရာလာပြည်နယ် တောင်ပိုင်းတွင်လည်း မကြာသေးမီက ဘဲအကောင် ၂၀၀၀ ခန့် သေဆုံးခဲ့သည်။

အဆိုပါ ပြည်နယ်နှစ်ခုမှ သေဆုံးသောကြက်၊ ဘဲတို့ကို တာဝန်ရှိသူများက တိရစ္ဆာန် ရောဂါအထူးဓာတ်ခွဲခန်းသို့ ပို့၍ စမ်းသပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ မတွေ့ရှိဟု သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းလုံး၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို ဆက်လက်စောင့်ကြပ် ကြည့်ရှုနေကြောင်း၊ နိုင်ငံ၏ နယ်စပ်ပြည်နယ်များတွင် အထူးစောင့်ကြပ်ထားကြောင်း အိန္ဒိယနိုင်ငံ တိရစ္ဆာန်မွေးမြူရေးဌာန တွဲဖက်အတွင်းရေးမှူး အပ်မာချောရီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***



**ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ သမ္မတရုံးစိုက်ရာ အီလီဆီနန်းတော်ကို မေ ၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## လျင်များ လှုပ်ခဲ့သည့် ချီလီတောင်ပိုင်းပြည်နယ် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာ

**ဆန်တီယာဂို မေ ၁၆**

ချီလီနိုင်ငံတောင်ပိုင်းတွင် ဇန်နဝါရီလကတည်းက ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့သည့်အတွက် ချီလီနိုင်ငံသမ္မတ မီချီလီဘာချက်လက်က ယင်းပြည်နယ်ကို အရေးပေါ်အခြေအနေ ကျရောက်နေသော ဒေသအဖြစ် မေ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး ဘီလီဆာရီဗီလက်စ်ကိုက ပြောကြားသည်။

ချီလီနိုင်ငံတောင်ပိုင်း အေဆန်ဖလော့ဒ်ဒေသတွင် ဧပြီ ၂၁ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် ဒီရေများ တက်လာခဲ့သည်။ လူသုံးဦးသေဆုံးပြီး ခုနစ်ဦး ပျောက်ဆုံးလျက်ရှိသည်။ ထိုသို့အရေးပေါ်အခြေအနေ ထုတ်ပြန်ချက်ကြောင့် အရေးပေါ်အခြေအနေ လုပ်ငန်းများ ဆောင်ရွက်ရန် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည်။

အဆိုပါ ပြည်နယ်၏ ငလျင်ဒဏ်ကျရောက်နိုင်သည့် နေရာများတွင် ပြောင်းရွှေ့မှုများ အလျင်အမြန်လုပ်ဆောင်ရမည်ဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ ဘူတာသို့ ဝင်ရောက်လာသော ခရီးသည်တင် ရထားတစ်စင်းကို မေ ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# တရုတ်နှင့်မလေးရှား စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မည်

**ရှန်ဟိုင်း မေ ၁၆**

မလေးရှားနိုင်ငံ၏ အမျိုးသားရေနံကော်ပိုရေးရှင်းသည် စွမ်းအင်ကဏ္ဍ၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း တနင်္လာနေ့တွင် ပြောကြားသည်။

ပက်ထရိုးနတ်စ်ကုမ္ပဏီသည်အာဖရိကတိုက်၌ တရုတ် ရေနံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ ယင်းသို့သော ပူးပေါင်းဆောင်ရွက်မှုက မလေးရှားနှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေး ခိုင်မြဲစေမည်ဖြစ်ကြောင်း ပက်ထရိုးနတ်စ်ကုမ္ပဏီ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် တန်ဆရီမိုဟာဆန်မာရီကန်က ပြောကြားသည်။

၂၀၁၀ပြည့်နှစ်တွင် ရှန်ဟိုင်းမြို့ ကမ္ဘာ့ကုန်စည်ပြပွဲ မဖွင့်လှစ်မီ မလေးရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ရည်ကို ရှန်ဟိုင်းမြို့သို့တင်ပို့ရန် ပက်ထရိုးနတ်စ်ကုမ္ပဏီသည် တရုတ်နိုင်ငံနှင့် ရင်းရင်းနှီးနှီးဆက်ဆံမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရှန်ဟိုင်း သဘာဝဓာတ်ငွေ့ရည်ကုမ္ပဏီသည် ယမန်နှစ်က ပက်ထရိုးနတ်စ်ကုမ္ပဏီခွဲတစ်ခုနှင့် သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး ရှန်ဟိုင်းမြို့၌ စခန်းတစ်ခုကို ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့သည်။ ယင်းစခန်းက မလေးရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ရည်များကို ၂၀၀၉ခုနှစ်မှစ၍ ၂၅နှစ်ကြာကာလအထိရယူမည်ဖြစ်သည်။အဆိုပါစီမံကိန်းကို အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြုပြင်ပြောင်းလဲရေးကော်မရှင်က ဒီဇင်ဘာလတွင် အတည်ပြုခဲ့ပြီးဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အာဖဂန်နှင့်ပါကစ္စတန်နယ်စပ်၌ ပစ်ခတ်မှုဖြစ်ပွားကာနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်တို့ သေဆုံး

**အစ္စလမ္မာဘတ် မေ ၁၆**

ပါကစ္စတန်နိုင်ငံလူမျိုးစုများ နေထိုင်ရာဒေသတွင် အမည်မသိသူ သေနတ်သမားတစ်ဦးက မေ ၁၄ရက်က ပစ်ခတ်သွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးသွားကြောင်း ပါကစ္စတန် စစ်ဘက်သတင်းများက ဖော်ပြသည်။

ပါကစ္စတန်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်အရာရှိများနှင့်နယ်စပ်၌ဆွေးနွေးအပြီး မော်တော်ယာဉ်ဖြင့် ပြန်လာကြစဉ် ယခုအဖြစ်အပျက်နှင့် ကြုံရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူဗိုလ်ချုပ်ဝါဟစ်အာရှဒ်က ပြောကြားသည်။

အခင်းဖြစ်ပွားစဉ်က အပစ်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်လေးဦးတို့ဒဏ်ရာရရှိသွားသည်။ နောက်ပိုင်းတွင် ယင်းတို့အနက်မှ ပါကစ္စတန်တစ်ဦးနှင့် အမေရိကန်တစ်ဦးတို့ သေဆုံးသွားခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# မိုဂါဒစ်ရှူးရှိ ကုလသမဂ္ဂအဆောက်အအုံ တိုက်ခိုက်ခံရ

**မိုဂါဒစ်ရှူး မေ ၁၆**

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ရှိ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးကို သီတင်းပတ်အကုန်ပိုင်းက သေနတ်သမားများက တိုက်ခိုက်ရာ အစောင့်တစ်ဦး ထိခိုက်ဒဏ်ရာရသွားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက မေ ၁၅ ရက်တွင် ပြောကြားသည်။

ကုလသမဂ္ဂ အဆောက်အအုံအနီးတွင် တိုက်ခိုက်ရေးသမားများက ထောင်ထားသည့်ဗုံး မေ ၁၂ ရက်က ပေါက်ကွဲသွားပြီးနောက် လူသုံးဦး သေဆုံးသွားသည်။ ထိုအဖြစ်အပျက်ဖြစ်သွားသဖြင့် မိုဂါဒစ်ရှူးသို့ လာရောက်လည်ပတ်နေသော ကုလသမဂ္ဂ ကယ်ဆယ်ရေး အဖွဲ့အကြီးအကဲ ဂျွန်ဟုမ်းမှာ ခရီးစဉ်ကို ဖျက်သိမ်းပြီး ပြန်သွားခဲ့သည်။

ကုလသမဂ္ဂ အဆောက်အအုံတွင်သာမက မိုဂါဒစ်ရှူးမြို့၏ အကြီးဆုံးဈေး ဘာကာရာ၌လည်း သေနတ်သမားများက ပစ်ခတ်သွားသေးကြောင်း ကုလသမဂ္ဂလုံခြုံရေး ရပ်ကွက်သတင်းက ဖော်ပြသည်။

သေနတ်သမားများသည် အစိုးရတပ်ဖွဲ့ဝတ်စုံများဝတ်ဆင်၍ ကုလသမဂ္ဂ အဆောက်အအုံ တိုက်ခိုက်ခဲ့ကြသည်ဖြစ်သည်။ ထိုတိုက်ခိုက်မှုကြောင့် ဆိုမာလီနိုင်ငံတွင် ဆောင်ရွက်နေသော ကုလသမဂ္ဂ၏ လုပ်ငန်းများကို ထိခိုက်လိမ့်မည်မဟုတ် ယူဆကြောင်း အာဏာပိုင်များထံမှ ရသောသတင်းက ဖော်ပြသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ရုံးသည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံးတွင် နီးကပ်စွာ တည်ရှိသည်။ ကျန်းမာရေးရုံးကို တိုက်ခိုက်စဉ်က ကလေးများရန်ပုံငွေအဖွဲ့ရုံးမှ အစောင့်များကလည်း ကူညီပေးကြသည်။

***အမ်အမ်အေ၊ရိုက်တာ။***




# နီပေါတွင် နှင်းတောင်ပြို၍ တောင်တက်သမား နှစ်ဦးသေဆုံး

**ခတ္တမန္ဒူ မေ ၁၆**

ကမ္ဘာပေါ်တွင် သတ္တမအမြင့်ဆုံးတောင်ထိပ်ဖြစ်သော နီပေါနိုင်ငံမှ ဒေါ်လာဂီရိတောင်ကို စပိန်တောင်တက်သမား နှစ်ဦး တက်နေစဉ် မေ ၁၃ရက်က နှင်းထုများပြိုကျသဖြင့် သေဆုံးသွားကြောင်း ဟိမဝန္တာတိုင်းမ် သတင်းစာတွင် ဖော်ပြသည်။

တောင်တက်သမား ခြောက်ဦးပါသော ဒေါ်လာဂီရိတောင်တက်ကလပ်အဖွဲ့ဝင်များသည် ၈၁၆၇ မီတာမြင့်သောတောင်ထွတ်ကိုတက်နေကြစဉ် ယင်းကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းမြစ်ကျဉ်းသုံးသွယ်ဒေသတွင်ခုတ်မောင်းသွားလာနေသော ခရီးသည်တင်သင်္ဘောတစ်စင်းကို မေ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အင်မိုလေဆိပ်တွင် ဗုံးရှာသည့်စက်ရုပ်ဖြင့် စမ်းသပ် ရှာဖွေနေသည်ကို မေ ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



# မုန်တိုင်းကြောင့် ဒီရေမြင့်တက် ဘင်္ဂလားဒေ့ရှ် ကမ်းခြေရွာများ ရေလွှမ်း

**ဒါကာ မေ ၁၆**

ဘင်္ဂလားပင်လယ်အော်တွင် မေ ၁၅ ရက်က မုန်တိုင်းကြောင့် ရေလှိုင်းများ မြင့်တက်လာပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းလွန်ကျွန်းများနှင့် ကမ်းရိုးတန်းဒေသများရှိ အိမ်ခြေရာပေါင်းများစွာ ပျက်စီးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် မြန်မာနိုင်ငံ အရှေ့ပိုင်းသို့ ဦးတည်လျက် ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ ဖြတ်သန်းဝင်ရောက်ခဲ့သည်။ မုန်တိုင်း ကျရောက်ချိန်၌ လေတိုက်ခတ်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၈၀နှုန်းဖြင့်တိုက်ခတ်ခဲ့သည်။

မုန်တိုင်းကြောင့် ဒီရေမှာ လေးပေ မြင့်တက်ခဲ့ရာ ကောက်ပဲသီးနှံနှင့် ပုစွန်မွေးမြူရေးလုပ်ငန်း ပျက်စီးခဲ့သော်လည်း ခန့်မှန်းထားသကဲ့သို့ ပျက်စီးမှုမများကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မုန်တိုင်းနှင့်အတူ မိုးများရွာသွန်းခဲ့ရာ ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အချို့သောလမ်းများ၌ ရေလျှံမှုဖြစ်ခြင်းနှင့် သစ်ပင်များ အမြစ်ကျွတ်ထွက်ခြင်းတို့ဖြစ်ပွားကြောင်း ဘေးအန္တရာယ်ကြိုးကြပ် ကယ်ဆယ်ရေးတာဝန်ရှိသူက ပြောကြားသည်။

ငါးဖမ်းသမားတစ်ဦး သေဆုံးပြီး ငါးဖမ်းလှေအစင်း ၂၀တွင် လိုက်ပါလာသူ ၁၀၀ခန့် ပျောက်ဆုံးနေကြောင်း ပန်းဝါကမ်းခြေဒေသမှ တာဝန်ရှိသူများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း ကျရောက်မည့်အကြောင်းနှင့် မုန်တိုင်းကြောင့်ဘင်္ဂလားပင်လယ်အော်တွင် နှစ်မီတာအမြင့် ဒီရေတက်နိုင်ကြောင်း တာဝန်ရှိသူများက မေ ၁၄ ရက်တွင် သတိပေးချက် ထုတ်ပြန်ခဲ့သည်။ အဆိုပါ မုန်တိုင်းကြောင့် ဘေးဒုက္ခသည်များစခန်းသို့ ပြည်သူ ၈၀၀၀၀ခန့် ပြောင်းရွှေ့ခဲ့ကြရသည်။
***အမ်အင်အေ၊ရိုက်တာ။***

# အနာဂတ်ကာလ ဇီဝလောင်စာထုတ်လုပ်မှုနည်းပညာ စဉ်းစားသုံးသပ်ရန် ဩစတြေးလျ တိုက်တွန်း

**ကင်ဘာရာ မေ ၁၆**

ဩစတြေးလျနိုင်ငံနှင့် ပြည်နယ်အစိုးရများအနေဖြင့် အနာဂတ်ကာလအတွက် ဇီဝလောင်စာထုတ်လုပ်မှုနည်းပညာအတွက် စဉ်းစားသုံးသပ်ရန် ဩစတြေးလျလောင်စာ စွမ်းအင်ပြန်လည်အသုံးပြုရေးအုပ်စုက တိုက်တွန်းနှိုးဆော်လိုက်သည်။

**တိုက်တွန်း**

အစားထိုးပြောင်းလဲ အသုံးပြုသည့်လောင်စာများ ရှာဖွေမှုကြောင့် သစ်တောအများအပြားပျက်စီးရပြီး ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာဈေးနှုန်း မြင့်မားလာခဲ့သည်ဟု ကုလသမဂ္ဂက ထုတ်ပြန်သည့် ဇီဝလောင်စာဆိုင်ရာ အစီရင်ခံစာ ပေါ်ထွက်လာပြီးနောက် ဖော်ပြပါအတိုင်း တိုက်တွန်းနှိုးဆော်မှု ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် ဇီဝလောင်စာထုတ်လုပ်ရာတွင် စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများကို ကုလသမဂ္ဂ၏အဆိုပါ အစီရင်ခံစာတွင် အသိအမှတ်ပြုထားသည်ဟု လောင်စာပြန်လည်အသုံးပြုရေးဌာနမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဘော့ဂေါ်ဒွန်ကို ကိုးကား၍ ဩစတြေးလျအသံလွှင့် ကော်ပိုရေးရှင်းက ဖော်ပြသည်။

ကမ္ဘာတစ်ဝန်းတွင် ဇီဝလောင်စာများ ထူးထူးခြားခြား အသုံးပြုနေသည်ကို မိမိတို့ တွေ့မြင်ရသည်ဟု၎င်းက ပြောကြားသည်။ ကမ္ဘာတစ်ဝန်းတွင် အီသနောနှင့် ဇီဝဒီဇယ် ထုတ်လုပ်မှု မြင့်မားလျက်ရှိသော်လည်း ဩစတြေးလျနိုင်ငံတွင် မတွေ့ရှိသေးဟု ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# သက်ရှည်ကျန်းမာအောင် ပြုစုစောင့်ရှောက်ပေးကြစို့

ဦးဇော်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၇ ခုနှစ် ဧပြီလ သင်္ကြန်ရက်ရှည် ရုံးပိတ်ရက်အတွင်း မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့၌ အခြေပြု၍ ပြင်ဦးလွင်မြို့ပေါ်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံနှင့် ခုတင် (၃၀၀) ဆံ့ အရပ်ဘက် ခရိုင်ဆေးရုံကြီးများသို့လည်းကောင်း၊ အသစ်တည်ဆောက်ထူထောင်ထားသည့် ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)နှင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)များသို့လည်းကောင်း အချိန်ယူသွားရောက် စစ်ဆေးခဲ့သည်။

မန္တလေးမြို့၌လည်း ဆေးဘက်ဆိုင်ရာ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဆေးရုံအုပ်ကြီးများအား အချိန်လုတွေ့ဆုံ၍ ရင်းရင်းနှီးနှီးဆွေးနွေးမှာကြားမှုများ ပြုခဲ့သည်။

ရည်ရွယ်ချက်မှာ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေးအတွက် ဝန်ထမ်းဖွဲ့စည်းမှုအပိုင်း၊ ခေတ်မီဆေးနှင့် ဆေးကိရိယာပစ္စည်း ဖြည့်ဆည်းမှုအပိုင်းနှင့်ဆေးပညာအပိုင်းတို့ကို ဟန်ချက်ညီညီ တိုးတက်လာအောင် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးရန်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးက ၁၆-၄-၂၀၀၇ ရက်နေ့တွင် ပြင်ဦးလွင်ခရိုင်ဆေးရုံ၌-

**" တိုင်းပြည်၏ လူမှုရေးအပိုင်း၌ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့သည် အဓိကအရေးပါကြောင်း၊ ထို့ကြောင့် ပညာရေး ကဏ္ဍကို နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်၍ အဆင့်မြင့်မားလာအောင် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ယဉ်ကျေးမှုကဏ္ဍ၌လည်း မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ပျောက်ကွယ်ပါက လူမျိုးပါပျောက် ကွယ်သွားနိုင်သဖြင့် မိမိတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် စောင့်ရှောက်ထိန်းသိမ်းတတ်ရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း"**

**"ကျန်းမာရေးကဏ္ဍ၌လည်း အဆင့်အတန်းမြင့်မြင့် ဆေးကုသနိုင်အောင်၊ ရောဂါကာကွယ်ပေးနိုင်အောင်၊ ကျန်းမာရေးအသိပညာပေး နိုင်အောင် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း"**

ရှင်းလင်းပြောကြားခဲ့သည်။

လက်တွေ့၌လည်း နိုင်ငံတော်သည် ပထမအဆင့် ကျန်းမာရေးမြှင့်တင်မှု စီမံကိန်းတစ်ရပ်ချမှတ်၍ ခေတ်မီဆေးပစ္စည်းကိရိယာများကို အမေရိကန်ဒေါ်လာ ၂၁ သန်းဖိုးခန့် ဝယ်ယူဖြည့်ဆည်းပေးခဲ့ပြီး ဆေးရုံများကိုလည်း လိုအပ်သလို အဆင့်မြှင့်တင်ပေးခဲ့သည်။ နိုင်ငံတော်၏ဖွံ့ဖြိုးရေးဒေသ (၂၄) ခုတို့၌ ပြည်သူများကို အဆင့်အတန်းရှိရှိ ဆေးကုသပေးနိုင်သော ဆေးရုံများကို အစီအရီထူထောင်ပေးခဲ့သည်။

ယခုလည်း ဒုတိယအဆင့် ကျန်းမာရေးမြှင့်တင်မှု သုံးနှစ်စီမံကိန်းတစ်ရပ် ထပ်မံချမှတ်၍ ဆေးရုံများ၌ လိုအပ်သော ခေတ်မီဆေးပစ္စည်းကိရိယာများကို ဆက်လက်ဖြည့်ဆည်းသွားရန် ညှိနှိုင်းစီစဉ်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲသည် ဆေးရုံများ၌ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ပြည့်စုံအောင်အလေးထားသကဲ့သို့ ကျန်းမာရေးဆိုင်ရာ ခံယူချက်နှင့် သဘောထားများကိုလည်း အခါမလပ် ဖော်ထုတ်လမ်းညွှန်ပေးခဲ့သည်။

၂၀၀၁ ခုနှစ် ဧပြီလ၌ ကျောက်ဆည်ဆေးရုံသို့ ရောက်ရှိစဉ်-

- **ဆေးရုံသို့ရောက်ရှိလာသော လူနာများကို နွေးထွေးကြင်နာစွာ ကြိုဆိုဆက်ဆံကြရန်၊ (Welcoming Spirit) ထားရှိရန်၊**
- **စေတနာအပြည့်အဝထားပြီး လူနာများကို(Goodwill Service) ဖြင့် ကုသစောင့်ရှောက်ရန်။**

စသည့် လုပ်ငန်းဆောင်ပုဒ်(၂)ချက်ကို ချမှတ်ပေးခဲ့သည်။ယနေ့ဆေးရုံတိုင်း၌ ထိုဆောင်ပုဒ်များကို ထင်ထင်ရှားရှားရေးထိုးထားကြပြီဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများအတွက် **"ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝ"**သည့် မိမိတို့၏ လုပ်ငန်းသဘာဝနှင့် လျော်ညီသော ကျင့်သုံးလိုက်နာအပ်သည့် ဆောင်ပုဒ်များပင်ဖြစ်သည်။

**"ဆရာဝန်များအနေဖြင့် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် တတ်နိုင်သမျှ နွေးထွေးကြင်နာစွာ ဆက်ဆံသွားစေလိုပါတယ်"၊ "ဆရာဝန်ကြီးများကို ပြည်သူများက ပြောရဲ၊ ဆိုရဲ၊ ထိတွေ့ရဲ၊ ကုသမှုခံယူရဲအောင် မေတ္တာတရားရှေ့ထားပြီး အကောင်းဆုံးကုသပေးသွားကြရန် ဖြစ်ပါတယ်"၊ "နိုင်ငံအတွင်း နေထိုင်သူများဟာ မိမိတို့ နိုင်ငံသားများ၊ မိမိတို့၏ သွေးရင်းသားရင်းများဖြစ်တယ်၊ မိမိတို့၏ သွေးရင်းသားရင်းများ၊ မိမိတို့လူမျိုးများ ကျန်းကျန်းမာမာ နေနိုင်ရေး၊ အသက်ရှည်ရှည်နေနိုင်ရေး အတွက် အာရောဂျံ ပရမံလာဘံ ဆိုတဲ့ ကျန်းမာရေး လာဘ်ကြီးရရှိစေရန် ဇီဝိတဒါနကို ပြုလုပ်နေတဲ့ စေတနာရှင်များအဖြစ် ခံယူဆောင်ရွက်စေလိုပါတယ်"**

ဟူ၍ လူနာများအပေါ် ထားရှိအပ်သော သန့်စင်သည့်စေတနာကို ဖော်ညွှန်းခဲ့သည်။ တစ်နည်းအားဖြင့် ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းဆိုင်ရာ ခံယူချက်များကို ချမှတ်ပေးခြင်းဖြစ်သည်။

ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် စပ်လျဉ်း၍ ခံယူချက်နှင့် သဘောထားများသာမက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် မူဝါဒဆိုင်ရာ ဦးတည်ချက်ကိုလည်း လက်တွေ့လုပ်ငန်းစဉ်အဖြစ် ရှင်းလင်းစွာ ချမှတ်ပေးခဲ့ပြီးဖြစ်သည်။ ယင်းသို့ နိုင်ငံတော်က လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ချမှတ်ပေးပြီးသော ဦးတည်ချက်၊ ခံယူချက်နှင့် ဆောင်ပုဒ်များကို အောက်ခြေအဆင့်ဆင့်က လေးလေးနက်နက်ခံယူ၊ တက်တက်ကြွကြွ အကောင်အထည်ဖော်သွားရန် အရေးကြီးသည်။ အထက်ပိုင်း၏ လမ်းညွှန်မှုအလင်းအားကို အောက်ခြေပိုင်းက ထိုးထွင်းအသုံးချ၍ လုပ်ငန်းများကို တက်ညီလက်ညီ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်အားရှိမှသာ အထက်နှင့် အောက် သဟဇာတ ဖြစ်သည်ဟုလည်းကောင်း၊ အပြန်အလှန်နားလည်မှုရှိပြီး အတိုင်အဖောက်ညီသည်ဟုလည်းကောင်း လုပ်ငန်းသဘောအရ အဓိပ္ပာယ်ဖွင့်ဆိုနိုင်မှာဖြစ်သည်။ သို့မှသာ အတွေးနှင့်အပြော ညီညွတ်ရုံ သာမက ကာယကံမြောက် အလုပ်ပါညီညွတ်ပြီး ရှေ့သို့တစ်ဟုန်ထိုး တိုးတက်မှာသေချာသည်။

**"နိုင်ငံတော်အနေဖြင့် မိမိတို့လူမျိုးများ ကျန်းမာကြံ့ခိုင်သည့် လူမျိုး ဖြစ်လာအောင် စီမံဆောင်ရွက်နေသည်မှာ နိုင်ငံတော်၏ ရှေ့ရေးကို အဘက်ဘက်မှ မျှော်တွေးတွက်ဆပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် လူမျိုးအဖြစ် မရပ်တည်နိုင်ပါက ရေရှည်၌ လူမျိုးပပျောက်သွားနိုင်သည်ကို သတိရှိကြရန် လိုအပ်ကြောင်း"**

**"နိုင်ငံသူ နိုင်ငံသားများ ကျန်းကျန်းမာမာဖြင့် သက်တမ်းစေ့ အသက် ရှည်ရှည်နေနိုင်သည့် အခွင့်အရေးများရရှိအောင် မိမိတို့ ကြိုးပမ်းဆောင်ရွက် ပေးသွားမှာ ဖြစ်ကြောင်း"**

စသည်ဖြင့် နိုင်ငံတော်၏ အနာဂတ်အရေးနှင့် ကျန်းမာရေး ရည်မှန်းချက်အပေါ် ခိုင်မာစွာ ရှင်းလင်းပြောကြားခဲ့သည်။

**အထက်ပိုင်း၏ လမ်းညွှန်မှုအလင်းအားကို အောက်ခြေပိုင်းက ထိုးထွင်းအသုံးချ၍ လုပ်ငန်းများကို တက်ညီလက်ညီ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်အားရှိမှသာ အထက်နှင့် အောက် သဟဇာတဖြစ်သည်ဟုလည်းကောင်း၊ အပြန်အလှန် နားလည်မှုရှိပြီး အတိုင်အဖောက်ညီသည်ဟုလည်းကောင်း လုပ်ငန်းသဘောအရ အဓိပ္ပာယ်ဖွင့်ဆိုနိုင်မှာဖြစ်၏။ သို့မှသာ အတွေးနှင့် အပြော ညီညွတ်ရုံသာမက ကာယကံမြောက် အလုပ်ပါညီညွတ်ပြီး ရှေ့သို့ တစ်ဟုန်ထိုး တိုးတက်မှာသေချာ၏။**

ပြင်ဦးလွင်မြို့ကိုလည်း နိုင်ငံတော်၏ ခေတ်မီတောင်ပေါ်အနားယူစခန်းမြို့အဖြစ် လိုအပ်ချက်များ ပြည့်စုံလာအောင် တစ်ဆင့်ပြီးတစ်ဆင့် ဖြည့်ဆည်းဆောင်ရွက်ပေးသည်သာမက ယခုထပ်မံပြီး အပန်းဖြေရင်း ဆေးစစ်ဆေးမှုနှင့် ကုသမှုတို့ကို အေးချမ်းစွာခံစားလိုသူများအတွက် ပြင်ဦးလွင်ဆေးရုံကို ခုတင်(၃၀၀)ဆံ့ ခေတ်မီဆေးရုံကြီးအဖြစ် ထူထောင်သည်။ အထူးကုဆရာဝန်ကြီးများကို တိုးချဲ့ခန့်ထား၍ ခေတ်မီဆေးပစ္စည်းကိရိယာများကိုလည်း ဖြည့်ဆည်းလျက်ရှိသည်။ ထို့ပြင် သာမန်လူနာဆောင်မျိုးအပြင် သီးသန့်နားနားနေနေဖြင့် ဆေးကုသမှုခံယူနိုင်အောင် အိပ်ခန်း၊ ထမင်းစားခန်း၊ ဧည့်ခန်းများပါဝင်သည့် အဆင့်မြင့် လူနာခန်းများကို တည်ဆောက်လျက်ရှိသည်။

ထို့ကြောင့် မန္တလေးနှင့် ပြင်ဦးလွင်ဒေသတို့သည် ဆေးကုသမှုအတွက် နာမည်ရဒေသကောင်းများအဖြစ်ပင် ထင်ရှားလာနိုင်သည်ဟု မှန်းဆ၍ ရနိုင်သည်။

နိုင်ငံတော်အကြီးအကဲက -

**"တိုင်းပြည်၏ လူဦးရေများပြားလာပြီဖြစ်၍ ရန်ကုန်မြို့တစ်ခုတည်း၌သာရှိသော အထူးကုဆေးရုံကြီးများအပေါ်သာ မှီခိုအားထားနေ၍ မဖြစ်တော့ကြောင်း"**

**"အထက်မြန်မာနိုင်ငံမှ ပြည်သူလူထုအတွက် မန္တလေးမြို့၌ပင် ရန်ကုန်မြို့နှင့်အဆင့်တူ ကျန်းမာရေး စောင့်ရှောက်မှုခံယူနိုင်ရန် အထူးကု ဆေးရုံကြီးများကို အဆင့်မြှင့်ထူထောင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မန္တလေးမြို့ကို ရန်ကုန်ကဲ့သို့ Centre တစ်ခုအဖြစ် ရပ်တည်နိုင်အောင် စီမံထားခြင်းဖြစ်ကြောင်း"**

**"တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးရေးဒေသကြီး (၂၄) ခု၌လည်း ဆေးရုံများကို အဆင့်မြှင့်တင်ခြင်း၊ အထူးကုဆရာဝန်ကြီးများ တိုးချဲ့ခန့်ထားခြင်း၊ ခေတ်မီကုသရေးပစ္စည်းများ တပ်ဆင်ပေးခြင်း တို့ကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းမှာ ပိုမိုကျယ်ပြန့် ထိရောက်လာလျက်ရှိကြောင်း"**

ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်ထိရောက်ပြီး ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟမှုများ လျော့နည်းကျဆင်းရေးကို လမ်းညွှန်ခဲ့သည်။

လက်တွေ့မှာလည်း မန္တလေးမြို့၌ ဘက်စုံအထူးကု ဆေးရုံကြီး ထူထောင်ခြင်း၊ အခြားပြည်နယ်၊ တိုင်း၊ မြို့များ၊ ဖွံ့ဖြိုးရေးဒေသကြီးများရှိ ဆေးရုံများကို အဆင့်မြှင့်ခြင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဆေးရုံများကို လိုအပ်သလိုအဆင့်မြှင့်ခြင်း၊ တိုက်နယ်ဆေးရုံနှင့် ဆေးပေးခန်းများ တိုးချဲ့ ဖွင့်လှစ်ခြင်းတို့ကို စီမံဆောင်ရွက်ပေးခဲ့သည်။ မြို့ပြကျန်းမာရေး အဆင့်အတန်းနှင့် ကျေးလက်ဒေသကျန်းမာရေးအဆင့်အတန်း တစ်ပြိုင်တည်း မြင့်မားလာစေရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။

ပြည်သူများကို သက်ရှည်ကျန်းမာအောင် အနောက်တိုင်းဆေးဝါးဖြင့်သာမက တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှု ပေးနိုင်ရေးအတွက် မန္တလေးမြို့တွင် တိုင်းရင်းဆေးတက္ကသိုလ်နှင့် သင်ကြားရေးအထောက်အကူပြု ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံတို့ကို ဖွင့်လှစ်ထူထောင်ပေးခဲ့ပြီးဖြစ်သည်။ **အရည်အချင်းပြည့်ဝသည့် တိုင်းရင်းဆေးဆရာများ လေ့ကျင့်မွေးထုတ်ရေး၊ အရည်အသွေးမြင့်မားသည့် တိုင်းရင်းဆေးဝါးများ တိုးချဲ့ထုတ်လုပ်ရေး၊ မြန်မာ့ဆေးဝါးဖြင့် ကုသနိုင်သည့် ကုထုံးအသစ်များ ထွက်ပေါ်လာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုထိရောက်ကျယ်ပြန့်ရေးတို့အတွက် နိုင်ငံတော်အကြီးအကဲသည် ကိုယ်တိုင်ကိုယ်ကျ စိတ်ဝင်တစားအားပေးလမ်းညွှန်ခဲ့ခြင်းဖြစ်သည်။** အကျိုးဆက်ကောင်းများအဖြစ် ပြည်နယ်၊ တိုင်းအလိုက် တိုင်းရင်းဆေးရုံတွေ၊ တိုင်းရင်းဆေးကုဌာနတွေ အစီအရီပေါ်ထွက်လာပြီး အနောက်တိုင်းဆေးဝါးဖြင့်သာမက တိုင်းရင်းဆေးဝါးဖြင့် ဆေးကုသမှုသည်လည်း ကျယ်ပြန့်လာလျက်ရှိသည်။

မိမိနိုင်ငံ၏ ရေမြေရာသီဥတု အခြေအနေအရ ဖြစ်ထွန်းပေါက်ရောက်လျက်ရှိသော ဆေးဝါးပင်မျိုးစုံကို စနစ်တကျသုတေသနပြုလုပ်ပြီး ကိုယ်ပိုင်ဆေးဝါးအမယ်သစ်များ ထုတ်လုပ်နိုင်ရေး၊ ထို့အပြင် အနောက်တိုင်း၏ ခေတ်မီဆေးပညာနှင့် ဆေးဝါးများကို ဆန်းစစ်လေ့လာနားလည်ပြီး လက်တွေ့အသုံးချနိုင်ရေးတို့အတွက် ရန်ကုန်မြို့၌သာမက နိုင်ငံတော်၏ အလယ်ပိုင်းနှင့် အထက်ပိုင်းတို့၌ပါ ဆေးသုတေသနဦးစီးဌာနတို့ကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။

ပြင်ဦးလွင်ရှိ အထက်မြန်မာပြည် ဆေးသုတေသနဦးစီးဌာနသို့ ၁၉-၄-၂၀၀၇ ရက်နေ့တွင် ရောက်ရှိစဉ် နိုင်ငံ့ခေါင်းဆောင်က-

**"ဆေးသုတေသန လုပ်ငန်းများသည် ကျန်းမာရေးလုပ်ငန်းများကို အဓိကအရေးကြီးသော အခန်းကဏ္ဍမှ အထောက်အကူပြုလျက်ရှိကြောင်း"**

**"ဆေးသုတေသနလုပ်ငန်းများကို ဆေးသုတေသနဦးစီးဌာနများက အပြိုင်အဆိုင် ထိထိရောက်ရောက် ကြိုးပမ်းလုပ်ဆောင်၍ မိမိတို့ဦးစီးဌာနအသီးသီး၏ ဂုဏ်သိက္ခာကို မြှင့်တင်သွားကြရန် ဖြစ်ကြောင်း"**

စာမျက်နှာ ၇ ကော်လံ ၁ သို့

❐ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

**"ကမ္ဘာပေါ်၌ သုတေသနလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် နိုင်ငံများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိကြကြောင်း"**ဖြင့် ဆေးသုတေသနလုပ်ငန်း၏ အရေးပါမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြား၍ မြန်မာ့ကိုယ်ပိုင်ဆေးဝါးများကို ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိအောင်အထိ တက်လှမ်းနိုင်အောင် ကြိုးစားကြရန် အားပေးလမ်းညွှန်ခဲ့သည်။

ထို့အတူ ပြင်ဦးလွင်ဆေးဝါးလုပ်ငန်းစက်ရုံ အသစ်သို့ရောက်ရှိသည့် အခါ၌လည်း **"စက်ရုံမှထုတ်လုပ်သော ဆေးဝါးများ အဆင့်အတန်း အစဉ်မြင့်မားနေအောင် စနစ်ရှိရှိ လုပ်ကိုင်ဆောင်ရွက်ရန်"၊ "ခေတ်မီသည့် ပိုမိုအစွမ်းထက်သော ဆေးဝါးအမျိုးအစားများကို ထုတ်လုပ်နိုင်အောင် ကြိုးပမ်းရန်"** အလေးထားမှာကြားရင်း မိမိတို့နိုင်ငံ၌ အဖြစ်များသော ငှက်ဖျား၊ တီဘီ၊ ဆီးချို၊ သွေးတိုး၊ ဝမ်းကိုက်၊ ဝမ်းဖော၊ ဝမ်းလျှော စသည့် ရောဂါခြောက်မျိုးအတွက် မိမိတို့ကိုယ်ပိုင်ဆေးဝါးများကို လုံလုံလောက်လောက် အမြန်ထုတ်လုပ်နိုင်အောင် ညှိနှိုင်းကြိုးစားရန် တာဝန်ပေးခဲ့သည်။ သုတေသနလုပ်ငန်းနှင့် ထုတ်လုပ်မှုလုပ်ငန်း ပေါင်းကူးဆက်စပ်မှု သွက်လက်ရန် အရေးကြီးသည်မှာ အမှန်ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို နိုင်ငံတကာအဆင့်မီဆောင်ရွက်ပေးနိုင်ရေးအတွက်လည်း လူ့စွမ်းအားအရင်းအမြစ် ဆရာဝန်၊ ဆရာမများ၊ ဆေးပညာသည်များ တိုးချဲ့မွေးထုတ်ရေး၊ အထူးကုဆရာဝန်ကြီးများ၊ ပါရဂူကြီးများ ပိုမိုပေါ်ထွက်လာရေးတို့ကိုလည်း ဟန်ချက်ညီညီ အားပေးဆောင်ရွက်ပေးလျက်ရှိသည်။ အရည်အသွေးမြင့်မားသော ဆရာဝန်၊ ဆရာမများ၊ ပညာသည်များ မွေးထုတ်ပေးသည့် ဆေးတက္ကသိုလ်များအပြင် သွားဘက်ဆိုင်ရာတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ဆေးဘက် ပညာသည် တက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ် စသည်ဖြင့် ဆေးဘက်ဆိုင်ရာလေ့ကျင့်ရေးဌာနများကို တိုးချဲ့ဖွင့်လှစ်ခဲ့သကဲ့သို့ ဒီပလိုမာ၊ မဟာသိပ္ပံနှင့် ပါရဂူသင်တန်းများကိုလည်း လက်တွေ့လုပ်ငန်းခွင်များနှင့်ယှဉ်တွဲ၍ ဖွင့်လှစ်ထားသည်။ ပြည်ပနိုင်ငံများသို့လည်း စေလွှတ်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲက **"ကျန်းမာရေးနယ်ပယ်အပါအဝင် ပညာရပ် နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရင်းခံကျသည်မှာ လူ့စွမ်းအားအရင်းအမြစ်ပင်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုမရှိပါက ပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားရန် မဖြစ်နိုင်ကြောင်း"၊ "ယခုအချိန်အထိ မိမိတို့နိုင်ငံ၌ ကျွမ်းကျင်သောပါရဂူများ၊ ဆရာဝန်ကြီး များရှိနေသဖြင့် မိမိတို့နိုင်ငံ၏ ဆေးပညာအဆင့်အတန်းကို အခြားနိုင်ငံများက လေးစားမှုရှိကြောင်း"**ဖြင့် ၁၉၉၉ခုနှစ် ဧပြီလအတွင်း ဆရာဝန်ကြီးများအားတွေ့ဆုံစဉ် မိန့်ကြားခဲ့သည်။

နိုင်ငံတော်အပိုင်းက ဆရာဝန်များ၏ အရည်အသွေးမြင့်မားရေးကို စိတ်ဝင်စားရုံသာမက အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်သာဖြစ်သည်။

၂၂-၄-၂၀၀၇ရက်နေ့၌ ဆရာဝန်ကြီးများနှင့် တွေ့ဆုံစဉ်ကလည်း နိုင်ငံ့ခေါင်းဆောင်က **"ယနေ့ခေတ်သည် ဘာသာရပ်အားလုံးကို ခြုံငုံ၍ အထွေထွေလေ့လာသည့်အဆင့်မှ ဘာသာရပ်အလိုက် အသေးစိတ်ကျွမ်းကျင်အောင် အထူးပြုလေ့လာသည့် အဆင့်သို့ရောက်ရှိနေသောခေတ်ဖြစ်ကြောင်း"၊ "ထို့ကြောင့် ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများကို တိုးချဲ့မွေးထုတ်လျက်ရှိကြောင်း၊ ဘာသာရပ်အလိုက်အသုံးပြုကုသရာ၌ ထိရောက်မှုရှိသည့် ဆေးပစ္စည်းကိရိယာများသည်လည်း အမျိုးမျိုး ဆန်းသစ် ပေါ်ထွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသော ဆေးပညာရပ်များကို အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်းပြီး နားလည် သိရှိ လက်တွေ့အသုံးပြုနိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးနေရမှာဖြစ်ကြောင်း "**အလေးထားမိန့်ကြားခဲ့သည်။

နည်းပညာ လျင်မြန်ဖွံ့ဖြိုးမှုနှင့်အတူ ဆေးပညာလောကသည်လည်း မြန်မြန်ဆန်ဆန် တိုးတက်လျက်ရှိသည်။ ထိရောက်အစွမ်းရှိသည့် ဆေးဝါးအသစ်အဆန်းများရော၊ ခေတ်မီဆေးပစ္စည်း ကိရိယာအမျိုးမျိုးတို့ပါ ပေါ်ထွက်လာလျက်ရှိသည်။ ထိရောက်အကျိုးပြုမှု ကြီးမားသကဲ့သို့ ဝယ်ယူရင်းနှီးရသည်မှာလည်း တန်ဖိုးကြီးမားသည်။ ငွေကုန်ကြေးကျများပြားသည်။ ယနေ့ခေတ်အခြေအနေအရ ရောဂါများကို ကုသရာ၌ ဆရာဝန်နှင့် ဆေးဝါးတို့ဖြင့်ပင် မလုံလောက်တော့ဘဲ ခေတ်မီဆေးပစ္စည်းကိရိယာများ၏ ထိရောက်အကျိုးရှိမှုကို ပေါင်းစပ်အသုံးပြုတတ်ရန် လိုအပ်လာသည်။ ထို့ကြောင့် ရှေးခေတ်နှင့်မတူဘဲ ဆေးရုံများ၌ တိုးချဲ့တပ်ဆင်ထားသော ရောဂါရှာဖွေကုသနိုင်သည့် ကိရိယာများ၏ တန်ဖိုးကို ငွေကြေးအရသာမက အသုံးဝင်အကျိုးရှိမှုအရပါ နားလည်မှုရှိပြီး ဆေးရုံများကို ဝိုင်းဝန်းကူညီစောင့်ရှောက်အပ်သည်။

သို့မှသာ ဆေးရုံများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများမှာ ရေရှည်နှင့်ယှဉ်၍ ပိုမိုအဆင့်အတန်းမြင့်မားလာမှာဖြစ်သည်။ ပြည်သူများက ယုံကြည်အားထားသည့် ဆေးရုံများအဖြစ် ခိုင်မြဲစွာ ရပ်တည်လာမှာ သေချာသည်။

နိုင်ငံတော်၏ စေတနာနှင့် မျှော်မှန်းချက်များအပေါ် ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်က နားလည်မှုရှိရှိ တုံ့ပြန်ကြရမှာဖြစ်သည်။ ပြည်သူများအား စေတနာပါသော အလုပ်ဖြင့် ပြုစုစောင့်ရှောက်ရမှာဖြစ်သည်။ နိုင်ငံတော်၊ ပြည်သူနှင့် ကျန်းမာရေးဝန်ထမ်းများက သူ့တာဝန်ပိုင်းနှင့်သူ ဦးပဲ့ထမ်း၍ အဆင့်အတန်းမြင့်မားသည့် ကျန်းမာရေးစနစ်တစ်ရပ်ကို ဝိုင်းဝန်းဖော်ဆောင်ပြီး နိုင်ငံသားများအား သက်ရှည်ကျန်းမာအောင် ပြုစုစောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

## ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြင်သစ်နိုင်ငံ သံအမတ်ကြီး အသစ်အဖြစ် မစ္စတာ ယွန်ပြဲဖရန်ဆွာ လာဖော့စ်အား ခန့်အပ်ရန် ပြင်သစ်အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ယွန်ပြဲ ဖရန်ဆွာ လာဖော့စ်သည် ၁၉၅၀ပြည့်နှစ် ဩဂုတ် ၂၃ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် သမိုင်းနှင့် ဥပဒေ ဘွဲ့ရရှိခဲ့ပြီး နိုင်ငံရေး သိပ္ပံဒီပလိုမာဘွဲ့နှင့် အရှေ့တိုင်းဘာသာစကားနှင့် ယဉ်ကျေးမှုကျောင်းမှ တရုတ်ဘာသာစကား ဒီပလိုမာဘွဲ့ တို့ကိုလည်း ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၈ခုနှစ်တွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၇၈ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပေကျင်းမြို့နှင့် တိုကျိုမြို့များရှိ ပြင်သစ်သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် မစ္စတာ ယွန်ပြဲဖရန်ဆွာ လာဖော့စ်သည် ဘရူနိုင်းနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးအဖြစ် ၁၉၉၈ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ခုနှစ် ဇန်နဝါရီမှစတင်၍ ပြင်သစ်နိုင်ငံ ပြည်ဝင်ဗီဇာငြင်းပယ်သည့် ကိစ္စများ အယူခံကော်မရှင်ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ယွန်ပြဲ ဖရန်ဆွာ လာဖော့စ်သည် အင်္ဂလိပ်၊ တရုတ်၊ အီတလီ၊ ဂျပန်နှင့် မလေးဘာသာစကားများကို တတ်ကျွမ်းသည်။ (သတင်းစဉ်)

# နိုင်ငံပိုင် စက်ရုံလေးရုံကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ရောင်းချမည်

နေပြည်တော် မေ ၁၇

**နိုင်ငံပိုင်စက်ရုံလေးရုံကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် လွှဲပြောင်းရောင်းချသွားမည်ဖြစ်သည်။**

ရောင်းချမည့်စက်ရုံများမှာ ပုသိမ်အချိုရည်နှင့် ရေခဲစက် (စက်မပါသည့်မြေအပိုင်း) မြက်တိုကျေးရွာ ပုသိမ်မြို့ဖြစ်၍ မြေဧရိယာ ဧကမှာ ၅ ဒသမ ၁၉ ဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေကျပ် ၂၆၃၄၉၉၁၂၁ဖြင့် လည်းကောင်း၊ ပုသိမ်အချိုရည်နှင့် ရေခဲစက် (စက်ပါသည့်အပိုင်း) မြက်တိုကျေးရွာ ပုသိမ်မြို့ဖြစ်၍ မြေဧရိယာ ဧကမှာ ၂ ဒသမ ၇၈ ဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေကျပ် ၁၇၃၀၉၆၃၀၈ဖြင့် လည်းကောင်း၊ မကြီးစင်ခေါက်ဆွဲစက်ရုံ မိုင်တိုင် (၁၇) မကြီးစင်ကျေးရွာ စစ်ကိုင်းမြို့ဖြစ်၍ မြေဧရိယာဧကမှာ ၄ ဒသမ ၂၅ ဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေကျပ် ၅၄၁၄၆၇၂၀ဖြင့် လည်းကောင်း၊ အဏ္ဏဝါရေခဲစက်(ရေး) တနင်္သာရီလမ်းမကြီး အဏ္ဏဝါရပ်ကွက် ရေးမြို့ဖြစ်၍ မြေဧရိယာဧကမှာ ၂ ဒသမ ၈၅ ဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေကျပ် ၇၆၄၃၅၆၈၀ဖြင့် လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

ဝယ်လိုသူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို မေ ၁၅ မှစ၍ ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန) ရုံးအမှတ်(၃၂) နေပြည်တော်တွင် ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဇွန် ၁၅ရက် နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း (တစ်ရက်တည်း) တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ် ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် တူညီစွာ ပေးနိုင်ပါက ဦးစားပေး စဉ်းစားမည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား တင်ပြရမည်။ မူလပိုင်ရှင်မဟုတ်ပါက အများဆုံး ပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသော ပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနရုံး နေပြည်တော် တယ်လီဖုန်း အမှတ် ၄၀၆၀၆၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် တိုင်းရင်းဆေးပညာ ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့(နာယက) ဒေါ်သိန်းပိုင် အမှာစကားပြောကြားနေစဉ်။** (သတင်းစဉ်)

## အခြေခံ တိုင်းရင်းဆေးပညာသင်တန်း ဖွင့်ပွဲကျင်းပ

**ပြည် မေ ၁၇**

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် တိုင်းရင်းဆေးပညာ ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ရက် နံနက် ၈နာရီက ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့(နာယက) ဒေါ်သိန်းပိုင်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဦးစီးဌာနမှူး ဦးအောင်အောင်နှင့် သင်တန်းနည်းပြများ၊ ဖိတ်ကြားထားသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့(နာယက) ဒေါ်သိန်းပိုင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဦးစီးဌာနမှူး ဦးအောင်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မင်္ဂလာဇမ္ဗူဟာ ပရဟိတအဖွဲ့ ၁၀နှစ်ပြည့်အထိမ်းအမှတ် အသက်ရာကျော် ဘိုးဘွားများအား ပူဇော်မည်

**ရန်ကုန် မေ ၁၇**

မင်္ဂလာဇမ္ဗူဟာအသင်းချုပ်၏ အဖွဲ့ငယ်တစ်ခုဖြစ်သော မင်္ဂလာဇမ္ဗူဟာ ပရဟိတအဖွဲ့ တည်ထောင်ခြင်း ၁၀နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တတိယအကြိမ်မြောက် မြန်မာနိုင်ငံတစ်ဝန်းမှ အသက် ၁၀၀နှင့်အထက် ဘိုးဘွားများပူဇော်ပွဲကို ဇွန်လတွင် ကျင်းပရန်စီစဉ်ထားသည်။ ဘိုးဘွားများ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ ပို့စကတ်အရွယ် ဓာတ်ပုံတစ်ပုံတို့ကို သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်နှင့်အတူ မင်္ဂလာဇမ္ဗူဟာ ပရဟိတအဖွဲ့ အာဇာနည်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ဇွန် ၁ရက် (သောကြာနေ့) နောက်ဆုံးထား စာရင်းပေးသွင်းကြပါရန်နှင့် မင်္ဂလာဇမ္ဗူဟာအသင်းချုပ် အဆောက်အအုံတွင် ကျင်းပမည့် အသက် ၁၀၀နှင့်အထက် ဘိုးဘွားများပူဇော်ပွဲသို့ ကိုယ်တိုင်ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ မကြွရောက်နိုင်သော ဘိုးဘွားများကို စာတိုက်မှတစ်ဆင့် သို့မဟုတ် အဖွဲ့အမှုဆောင်များက လာရောက်ကန်တော့ကြမည်ဖြစ်ရာ ပစ္စည်းနှင့်အလှူငွေလှူဒါန်းလိုသူများသည် မင်္ဂလာဇမ္ဗူဟာ ပရဟိတ အဖွဲ့ ဖုန်း-၃၇၀၉၅၈ သို့ လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)




**ဒေါ်ဥတ္တမ(ခ)ဒေါက်တာဒေါ်ခင်စန်း ပါမောက္ခ(ငြိမ်း)မြန်မာစာက မွေးနေ့အလှူအဖြစ် မေ ၆ရက်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင်အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းစဉ်။** (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၅-၂၀၀၇ (သောကြာနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | "ဝိဉာဉ်(၆)ပါးရှုနည်းတရားတော်" (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ) |
| ၇:၅၅ | ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ) |
| ၈:၀၅ | တေးဂီတအစီအစဉ် |
| ၈:၁၀ | Myanmar Video Rhythm |
| ၉:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၁၀ | တေးဂီတအစီအစဉ် |
| ၉:၁၅ | မှတ်သားလေ့လာပြတိုက်ခင်းကျင်းမှုပညာ |
| ၉:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀ | မင်းကွန်းတောင်ရိုးမှ သာသနာ့အကျိုးပြုလုပ်ငန်းကြီးလေးရပ်အကြောင်း |
| ၉:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ | အင်တာနက်လိုင်းစီးရင်းအောင်မြင်မှုလှေကို လှော်ကြမည် |
| ၁၀:၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၃၀ | Business Talk (Trade Mark အကြောင်းသိကောင်းစရာ)(အပိုင်း-၂) |
| ၁၁:၀၅ | တေးဂီတအစီအစဉ် |
| ၁၁:၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၁၅ | ခြေထောက်သွေးလွှတ်ကြောကျဉ်းရောဂါ(အပိုင်း-၃) (ပါမောက္ခ ဒေါက်တာ ခင်မောင်အေး) |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၀ | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကာကွယ်ကယ်ဆယ်ရေးလုပ်ငန်းများ(ကျေးလက်ဒေသမီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအကြောင်း သိကောင်းစရာ) |
| ၁၂:၀၀ | တေးဂီတအစီအစဉ် |
| ၁၂:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၁၀ | မီးရှူးတန်ဆောင်ပမာ အလင်းဖြာလျက်ရှိသော ဓမ္မဇမ္ဗူဟာ) |
| ၁၂:၃၅ | တေးဂီတအစီအစဉ် |
| ၁၂:၄၀ | စံပြကျေးရွာဖြစ်စေဖို့ ဝိုင်းဝန်းကြိုးပမ်းစို့ |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့် သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**✳ ကျောဖုံးမှ**

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ကြက်ဆူစေ့များ ထွက်ရှိလာပြီဖြစ်ကြောင်း၊ ရရှိလာသည့်ကြက်ဆူစေ့များကို ဘိုင်အိုဒီဇယ်အဖြစ် ရရှိရေးအတွက် အဆင့်အတန်းမြင့်မားသည့် စက်များထုတ်လုပ်ရေးအတွက် တွန်းအားပေးဆောင်ရွက်ခဲ့ရာ ယခုထုတ်လုပ်ပြီးဖြစ်သည့် MR 072 အမှတ်တံဆိပ် ကြက်ဆူဆီကြိတ်စက်ကို ထုတ်လုပ်လာနိုင်ပြီဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ကြက်ဆူဆီများအား ယခုထက် ပိုမိုအရည်အသွေးမြင့်မားသည့် ဘိုင်အိုဒီဇယ်ဆီရရှိရေး ထပ်မံကြိုးစားကြရန်လိုကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

အဆိုပါကြက်ဆူဆီစက်သည် တစ်နာရီလျှင် ၂တင်းမှ ၂ဒသမ၂၅တင်းအထိ ကြိတ်ခွဲနိုင်ပြီး တစ်ကြိမ်တည်းတွင် အစေ့မှဆီဖြစ်သည်အထိ ကြိတ်ခွဲနိုင်ကြောင်း သိရသည်။

ထို့နောက် တိုင်းမှူးသည် Foundary Shop စက်ရုံအတွင်း သံရည်ကျိုစက်များဖြင့် ပုံလောင်းခြင်းပြုလုပ်နေမှုများ၊ ထုတ်လုပ်ပြီး စက်အစိတ်အပိုင်းအပိုပစ္စည်းများနှင့် အဆိုပါစက်ရုံအတွင်း ထော်လာဂျီအင်ဂျင်သုံး ကျားပါးစပ် ၂၂ကောင်ဝိတ်ဘီး၊ ၂၅ ကောင်ဝိတ်ဘီး၊ Four Jaw Chuck Counter Weight Air Compressor များနှင့်ပတ်သက်ပြီးလည်းကောင်း၊ Machine Shop စက်ရုံအတွင်း ထုတ်လုပ်ပြီး နမူနာပြသထားသည့် 10 Ton Power Dump Tube Head ၊ Pipe Flange ၊ Brake Drum နှင့် ကွန်ပရက်ဆာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မန္တလေး စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က အသေးစိတ် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ ပြန်လည်ထွက်ခွာသွားသည်။

မန္တလေး တော်ဝင်စက်မှုလက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်အနေဖြင့် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာသုံး စက်ကိရိယာပစ္စည်းများနှင့် အခြားယာဉ်အစိတ်အပိုင်း စုစုပေါင်း ၉၁ မျိုး ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၀၇–၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း Mass Production အနေဖြင့် မေလမှစတင်ကာ ဒိုင်နမို(ဆိုဒ်မျိုးစုံ)၊ မော်တာ(ဆိုဒ်မျိုးစုံ)၊ Steel Ball၊ Ball Mail Liner Pannal Control ပစ္စည်းများ ထုတ်လုပ်ပြီး မန္တလေး စက်မှုဇုန်အတွက်သာမကဘဲ မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက် ပြည်ပသွင်းကုန် အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ၃၅လမ်းနှင့် ၇၃လမ်းထောင့်သို့ ရောက်ရှိပြီး ယာဉ်များ သွားလာမှုအဆင်ပြေစေရေးအတွက် လမ်းကွေ့နေရာ တိုးချဲ့မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

## စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)အမှတ်(၁၁)ဖြန့်ချီ

**ရန်ကုန် မေ ၁၇**

၁၅ ရက်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၄) အမှတ်(၁၁) ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုထွက်ရှိသည့် စိမ်းလဲ့ရွှေပြည်ဂျာနယ်တွင် အလောင်းတော်ကဿပ ဥယျာဉ်၌ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ၊ ဖျာပုံခရိုင်အတွင်း ရာသီဥတု ကောင်းမွန်မှုကြောင့် နွေစပါးစိုက်ပျိုးသူများအဆင်ပြေနေ၊ မြန်မာဗေဒင် ပရိုဂရမ်ပြိုင်ပွဲကျင်းပမည်၊ ၂၀၀၇ အာရှသစ်သီးပွဲတော် ထိုင်း၌ ကျင်းပမည်၊ မြန်မာနှင့် တရုတ် အထက်သံလွင်မြစ် ရေအားလျှပ်စစ် အကောင်အထည်ဖော်မည်၊ ကမ္ဘာလှည့်ခရီးသည် သီးသန့်ရထားရပ်နားရန်ဇုန်များ စီစဉ်၊ ဒူဘိုင်းငါးပြပွဲတွင် မြန်မာ့ငါးလုပ်ငန်းမှ သွားရောက်ပြသခဲ့၊ နိုင်ငံတကာအဆင့်မီ သစ်သီးဝလံဈေးကြီး ရန်ကုန်တွင် တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းသတင်းများအပြင် အနုပညာသတင်းများ၊ နိုင်ငံတကာ မျက်မှောက်ရေးရာများလည်း ဖော်ပြပါရှိသည်။

ဆောင်းပါးများအနေဖြင့် အောင်ချိန်ဘွား၏ ကြက်ငှက်တုပ်ကွေးကာကွယ်မနေး၊ ဘုန်းမြင့်ဆွေ၏ တိုက်ရိုက်မျိုးစေ့ချ စပါးစိုက်ပျိုးခြင်း၊ ဩဘာ(ရန်ကုန်တက္ကသိုလ်)၏ အမျိုးဘာသာအသွင် မနိမ့်စေဖို့ ရိုးရာသဘင်အငြိမ့်ကို ကကြစို့၊ မောင်မြား၏ ကမ္ဘာမြေကို ကာကွယ်ဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့၊ သီရိခေတ်၏ ပိုးသတ်ဆေးအကြောင်း၊ ဘုန်းမြင့်ဆွေ၏ ယနေ့ လူတို့စားသုံးနေသော ဆီအမျိုးမျိုး၊ သိလ္လာမောင်ကိုဦး၏ TUNA ငါးဖမ်းလုပ်ငန်း၊ မြင်းခြံကျော်အောင်၏ အိပ်မက်အကြီးစားမက်ပါ၊ ခင်မောင်တင်(ဝဲလောင်)၏ ကျေးလက်က ရက်ကန်းစင်၊ ဝင်းဇော်(သုံးဆယ်)၏ လူ့အသက်အရွယ် သတ်မှတ်ချက်များနှင့် ခင်မောင်တင် (ဝဲလောင်)၏ တောင်သာမြို့ ခေတ်မီစွပ်ကျယ်စက်ရုံသစ်ကြီး စသည့် သုတ၊ ရသဆောင်းပါးများစွာဖြင့် ဝေဝေဆာဆာ ဖြန့်ချိလိုက်သည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်၊ ဆင်တောင်ကြီး၊ မနီလာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်(သိမ်ဖြူလမ်း) စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။ စာမူပေးပို့လိုလျှင် စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်–၂၂၈၊ သိမ်ဖြူလမ်း ရန်ကုန် ဖုန်း–၃၈၂၀၇၀ သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ်(၂၄) ထွက်ပြီ

**ရန်ကုန် မေ ၁၇**

သတင်းများ ဝေဝေဆာဆာဖြင့် ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ်(၂၄)ကို ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ ဂျာနယ်တွင် ဒေါက်တာခင်မောင်ညို၏ တွေးခေါ်ခြင်းမှ အိုင်ဒီယာ၊ မော်ကျွန်းစိုးမြင့်၏ အက်စစ်အန္တရာယ် သတိပြုကာကွယ်၊ စိုးသီဟစိုး၏ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှု ထိန်းချုပ်ရန်နှင့် ရေသယံဇာတ ထိန်းသိမ်းရန်လိုအပ်၊ ခင်မောင်တင်(ဝဲလောင်)၏ အာရှအကောင်းဆုံးစာရင်းဝင် ပုပ္ပားတောင်ဥယျာဉ်၊ ချစ်နိုင်(စိတ်ပညာ)၏ နုပျိုနေဆဲပေတကား၊ အောင်ချိန်ဘွား၏ ကွန်ပျူတာမိတ်ဆက်၊ ငြိမ်းချမ်းပြည့်၏ နှစ် ၄၀ အတွင်း တတိယအကြိမ် တက်ခံရသော လွင်ခရမာဒင် တောင်တက်ခရီးစဉ် ဆောင်းပါးများ ပါရှိသည်။

ထို့ပြင် ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်း ခရိုင်ရှစ်ခရိုင်၊ မြို့နယ် ၃၁ မြို့နယ်တွင် မြစိမ်းရောင်လွှမ်းမည်၊ မြို့တော်ဆေးခန်းဖွင့်လှစ် အခမဲ့ ကုသိုလ်ပြုကုသ၊ အုတ်တွင်းချဉ်ပေါင် ပျော့ဖတ်စက်ရုံ မကြာမီ စမ်းသပ်လည်ပတ်မည်၊ လေယာဉ်မျိုးစုံ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများတိုးပွား၊ ရေကြောင်းအရာရှိလောင်းနှင့် အင်ဂျင်နီယာအရာရှိလောင်း ၃၂၅၅ ဦး မွေးထုတ်၊ အင်ဒိုနီးရှားတွင် တရားမဝင် သစ်ခုတ်မှုများကို တားဆီးရန် ဩစတြေးလျကူညီ၊ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ မြောက်ကိုရီးယားသို့ ရောက်ရှိ၊ အမေရိကန်၏ မူပိုင်ခွင့်ဆိုင်ရာ အရေးယူမှုကို တရုတ်ဝေဖန်၊ အီရန်၏ နျူးကလီးယား လောင်စာ ထုတ်လုပ်နိုင်မှု ကြေညာချက်ကို အမေရိကန်ဝေဖန်၊ ကျူးဘားပြည်ပြေးကို လွှတ်ရန် တရားသူကြီး၏ ဆုံးဖြတ်ချက်ကို အမေရိကန်အစိုးရအယူခံဝင် စသည့် ပြည်တွင်း၊ပြည်ပ သတင်းစုံစုံလင်လင်၊ သတင်းဓာတ်ပုံ ဝေဝေဆာဆာ ဖော်ပြပါရှိကြောင်း သိရသည်။

ရွှေနိုင်ငံဂျာနယ် ရရှိနိုင်သောနေရာများမှာ ထွန်းဦးစာပေ (မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည် စာအုပ်ဆိုင်တို့ဖြစ်ပြီး စာမူများပေးရန်နှင့် ဆက်သွယ်ရန် လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၈၂၀၇၀ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံမြို့နယ်ရုံးက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာကြည့်တိုက် ရေရှည်ရှင်သန် ဖွံ့ဖြိုးရေးအကြောင်း ဟောပြောပွဲကို မေ ၁၆ရက်က ဇေယျာသီရိရပ်ကွက် ထာဝရမိတ်ဆွေစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုန်းညွန့်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းအောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**(မြို့နယ်ပြန်/ဆက်)

**အမှိုက်ကစ ပြဿဒ်မီးလောင် မူးယစ်ဆေးကို ဝေးဝေးရှောင်**




**❖ ငွေဆောင်ကမ်းခြေမှ**

ဆက်လက်၍ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်)ဥက္ကဋ္ဌ ဦးလှမောင်ရွှေက ငွေဆောင်ဇုန် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ငွေဆောင်ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းခြောက်စောင် ဖတ်ကြားခဲ့ပြီး ငွေဆောင်ဒေသအား နိုင်ငံတကာမှသိရှိအောင် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ငွေဆောင်ရှိ ဟိုတယ်လုပ်ငန်းရှင်များက ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။

၎င်းနောက် တိုင်းမှူးသည် ဉာဏ်တော် ၂၇တောင်ရှိ ငွေဆောင်မြို့ဦးစေတီတော် တည်ဆောက်ခြင်းလုပ်ငန်းသို့ရောက်ရှိပြီး တာဝန်ရှိသူများအား စေတီတော် တင့်တယ်သပ္ပာယ်စွာဖြင့် ကြည်ညိုဖွယ်ဖြစ်အောင် တည်ထားကိုးကွယ်ရေး မှာကြားခဲ့ကြောင်းနှင့် အဆိုပါစေတီတော်အား ဌာပနာထည့်သွင်းခြင်း၊ ၄က်မြတ်နားတော်၊ ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူခြင်းနှင့် အနေကဇာတင်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆက်လက်၍ အရံစေတီ၊ မုခ်ဦး၊ အာရုံခံတန်ဆောင်း၊ ရင်ပြင်တော် ကျောက်ပြားခင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ မြန်မာအသင်း သုံးပွဲ–နှစ်ပွဲဖြင့် အနိုင်ရရှိ

**ရန်ကုန် မေ ၁၇**

မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် အိန္ဒိယတက္ကသိုလ် ချန်ပီယံအသင်းတို့၏ ချစ်ကြည်ရေး လက်ရည်စမ်းပွဲ စတုတ္ထပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် လက်ရွေးစင်အသင်းက သုံးပွဲ–နှစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

ချစ်ကြည်ရေး လက်ရည်စမ်းပွဲတွင် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် လက်ရွေးစင်အသင်းက ၂၇–၂၅၊ ၁၄–၂၅၊ ၂၅–၂၀၊ ၂၁–၂၅၊ ၁၅–၁၀ မှတ်တို့ဖြင့် သုံးပွဲ–နှစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။ တစ်ပွဲထက်တစ်ပွဲ လက်စွမ်းပြ ကစားလာနိုင်သည့် အိန္ဒိယတက္ကသိုလ်အသင်းမှာ ယနေ့ပွဲတွင်လည်း ကြိုးစားကစားသွားသောကြောင့် အဖွဲ့ချုပ်လက်ရွေးစင်အသင်း အနိုင်ရရှိရန် အတော်ပင် အားထည့်ကစားခဲ့ရသည်။

ဇွန်လ ပထမပတ်၌ ကျင်းပမည့် အာရှကလပ်ပြိုင်ပွဲ၌ ယှဉ်ပြိုင်မည့်အသင်းမှ ကျော်ဇင်ဝင်းထွဋ်၊ ရဲမင်းအောင်၊ ကျော်စိုးအောင်နှင့် နေလင်းအောင်တို့မှလွဲ၍ ကျန်ကစားသမား ခြောက်ဦး ပါဝင်လာသော်လည်း အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှာ ယခင်ပွဲများကဲ့သို့ ပွဲပြတ်အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။ အာရှကလပ် ပြိုင်ပွဲဝင်အသင်းမှ ကျော်ရွှေ၊ စံရွှေမောင်၊ စိုင်းညီလေး၊ အောင်မြတ်ထွန်း (လစ်ဗရို)၊ ဇော်လင်းဦးနှင့် ရဲရင့်ထွန်းတို့ ခြောက်ဦးအား နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းသွင်းလေ့ကျင့်ပေးနေသည်။ ကျန်ရှိသည့် ပဏာမ ကစားသမားအချို့နှင့် ပေါင်းစပ်ကာ ယှဉ်ပြိုင်ကစားခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် လက်ရွေးစင်အသင်းမှာ ပထမပွဲငယ်တွင် ၂၇–၂၅ မှတ်ဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ပြီးမှ အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင်မူ ရိုက်ခုတ်ချက် မပြတ်သားခြင်း၊ ပိတ်ဆို့မှု အားနည်းခြင်းတို့ကြောင့် ၁၄–၂၅ မှတ်ဖြင့် ပြန်လည်အရှုံးပေးခဲ့ရသည်။ တတိယပွဲငယ်တွင် အဖွဲ့ချုပ် လက်ရွေးစင်အသင်းက ၂၅–၂၀ မှတ်ဖြင့် အနိုင်ရခဲ့သော်လည်း စတုတ္ထပွဲငယ်တွင် အမာခံအချို့ အနားပေးပြီး လူသစ်အချို့ ထုတ်သုံးခဲ့၍ ၂၁–၂၅ မှတ်ဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့သည်။ ယင်းစတုတ္ထပွဲငယ်ပြီးခါနီးတွင် အမာခံများဖြစ်သည့် စံရွှေမောင်နှင့် ကျော်ရွှေတို့ကို လူစားလဲ ပြန်သုံးခဲ့ပြီး နောက်ဆုံးပွဲငယ်ကို အနိုင်ရရှိအောင် အားထည့်ယှဉ်ပြိုင်ခဲ့သည်။

ချစ်ကြည်ရေး လက်ရည်စမ်းပွဲ ပဉ္စမပွဲစဉ် နောက်ဆုံးပွဲစဉ်ကို မေ ၁၈ ရက် (ယနေ့) ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

**အိန္ဒိယတက္ကသိုလ်အသင်း၏ ရိုက်ချက်ကို မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းမှ စံရွှေမောင်နှင့် စိုင်းညီလေး တို့ ပိတ်ဆို့ ကာကွယ်စဉ်။**
(ကြေးမုံ)



## မင်းလှ ပြန်/ဆက် စာဖတ်ဝိုင်းကျင်းပ

**အထက်မင်းလှ မေ ၈**

သရက်ခရိုင် မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ မေ ၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြန်/ဆက်ရုံး ရုပ်မြင်သံကြားခန်းမ၌ စာဖတ်ဝိုင်းကျင်းပရာ ရုပ်သံကျွမ်းကျင်–၃ ဦးအေးမြင့်က ဧပြီ ၁၉ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ချစ်နိုင်(စိတ်ပညာ)၏ စည်းကမ်းရှိမှ ဆောင်းပါးကို ဖတ်ကြားပြီး စာထောက်–၃ ဒေါ်ဝါဝါလွင်က ဖတ်ကြားမှုအပေါ် ပြန်လည်ဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ် (၈)ပါ "အကြီးအမှူးဖြစ်စေတတ်သော တရား "ခေါင်းကြီးပိုင်းကို ဖတ်ကြားပြီး စာဖတ်ဝိုင်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ဘားလားအထူးအထွက်တိုးစိုက်ကွင်း တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကြည့်ရှုစစ်ဆေး သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာအချိုးကျ အသုံးပြုရန်မှာကြား

ရန်ကုန် မေ ၁၇

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းသည် ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ် အစပ် ရန်ကုန်–ပဲခူးလမ်းမကြီးနှင့် အမှတ်(၃)လမ်းဆုံအနီးရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ်၏ ဘားလားအထူးအထွက်တိုး စမ်းသပ်စိုက်ကွင်း လယ်မြေဧက ၈၀ ကိုသွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

ရှေးဦးစွာ တိုင်းမှူးသည် ရန်ကုန်တိုင်း စစ်ဌာနချုပ်ဘားလား အထူးအထွက်တိုး စမ်းသပ်စိုက်ကွင်း ဧက ၈၀သို့ ရောက်ရှိလာပြီး ရိတ်သိမ်းပြီးသော နှံစပါးများအား ရိန်းဘိုးကုမ္ပဏီမှ တင်သွင်းသော Paddy Thresher VPT-5 အမျိုးအစား ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုများ၊ ရိတ်သိမ်းရန်ကျန်ရှိနေသော စပါးခင်းများအား ရိတ်သိမ်းရန်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် စပါးများ ရိတ်သိမ်းရာတွင် အလေအလွင့် မရှိအောင်ကြပ်မတ် ဆောင်ရွက်ကြရန်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်များတွင် အသုံးပြုရန်၊ မိုးစပါးစိုက်ပျိုးရာသီ၌ စပါးခင်းများ ရေနစ်မြုပ်မှု မရှိစေရေး ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် စပါးအထွက်နှုန်း ကောင်းစေရေးအတွက် သွင်းအားစုများကို အမျိုးအစားအလိုက် မှတ်တမ်းတင်ထားရှိ၍ သဘာဝမြေသြဇာ နှင့် ဓာတ်မြေသြဇာများကို အချိုးကျ ပေါင်းစပ် အသုံးပြုသွားရန် မှာကြားသည်။ အဆိုပါ Paddy Thresher VPT-5 အမျိုးအစား ခြွေလှေ့စက်သည် အလေအလွင့်နည်းပါးပြီး တစ်နာရီလျှင် တင်း ၁၀၀ အထိ ခြွေလှေ့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း လှည်းကူးမြို့နယ်ရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘားလားအထူးအထွက်တိုး စမ်းသပ်စိုက်ခင်းအတွင်း ရိတ်သိမ်းပြီးသော နှံစပါးများအား ခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်သင်တန်းဖွင့်မည်

**ရန်ကုန် မေ ၁၇**

မဟာသရဏဗျူဟာအဖွဲ့ချုပ်(ဗဟန်း)က ကြီးမှူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်ကျောင်းတိုက် ရတနာမဥ္ဇူ ထားဝယ်ကျောင်းတွင် ပိဋကတ်ပညာရှင်ဆရာဦးချမ်းသာက ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်သင်တန်းကို ဇွန် ၉ ရက်(စနေနေ့)တွင် ဓမ္မဒါနစတင်ပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း ၅၅၂၇၂၂ သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

## ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၁၂၃)ကြိမ်မြောက် အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၇

**ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၁၂၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ (၅၁)လမ်းရှိ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။**

အစည်းအဝေးသို့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးက (၁၂၂)ကြိမ်မြောက် အစည်းအဝေးသို့ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ၂၀၀၇ ခုနှစ် ဧပြီနှင့် မေ ၁၅ ရက်အတွင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင်များက တင်ပြဆွေးနွေးကြပြီး အထွေထွေ ညှိနှိုင်းဆွေးနွေးကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ (သတင်းစဉ်)

## ရွှေမြင့်မိုရ် မိုးကုတ်ဓမ္မသဘင်

**ရန်ကုန် မေ ၁၇**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ပြည်တွင်းပြည်ပ သာသနာပြု ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဗဟုဇန ဟိတဓရ ဘဒ္ဒန္တ သောဘဏ (ဒီဃနိကာယ ကောဝိဒ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) တိပိဋကတစ်ပုံအောင်သည် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ ဗုဒ္ဓဓမ္မဗိမာန်ဓမ္မာရုံကြီးတွင် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ခုနစ်ရက်တိုင် ည ၆နာရီမှစ၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည် ဖြစ်ကြောင်း သိရသည်။ (က–ပ)

## စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်း သင်တန်းအမှတ်စဉ်(၁/၂၀၀၇)ဖွင့်မည်

**ရန်ကုန် မေ ၁၇**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်း သင်တန်းအမှတ်စဉ်(၁/၂၀၀၇)ကို ဇွန် ၄ရက်မှ ၁၅ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း သင်တန်းသား၊ သင်တန်းသူ ၅၀ ဖြင့် ရန်ကုန်မြို့ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ကျပ် ၁၂၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ်၁၅၀၀၀သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး တယ်လီဖုန်းအမှတ်–၃၇၉၃၆၁သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်းသိရသည်။ (၄၅)

## ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ဇူလိုင်လများတွင် မြစ်ချောင်းအင်း အိုင်အနံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ် ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း "ဥပဒေပုဒ်မ(၄၅)"အရ ဖမ်းဆီး တရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

## The Live News ဂျာနယ် အမှတ်(၃၅)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မေ ၁၇**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်အမှတ်(၃၅)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် မြန်မာ–ကိုရီးယားရုပ်ရှင် နီးနှောဖလှယ်ပွဲ၊ ဒုတိယကမ္ဘာစစ်အတွင်းက ထင်ရှားခဲ့သော မြန်မာ–လီဒိုလမ်းမကို အိန္ဒိယက စတင်ပြုပြင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတွင် အမှုဆောင်အဖွဲ့ဝင်အဖြစ်ဆန္ဒပြုနိုင်၊ ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့ ငါးပုစွန်လုပ်ငန်း အထူးစီးပွားရေးဇုန်တည်ထောင်ရန် လာရောက်လေ့လာ၊ "ဒါး"မ"က"ပါ၊ ရွှေစက်တော်သို့သွားတောလား(၂)အတွေး၊ ကျေးဇူးတင်ပါတယ်၊ အရှိန်အဟုန်ပြင်းလာသည့်အမေရိကန်မှ နိုင်ငံရေးပြည်တွင်းစစ်၊ အဆိပ်လက်နက်ကင်းစင်သည့် ကမ္ဘာကြီးဆီသို့၊ ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲနုတ်ထွက်တော့မည်၊ ပြင်သစ်သမ္မတဆာကိုဇီ၏ နိုင်ငံတကာရေးရာအလားအလာ၊ အာဖဂန်မှလူပုရွက်ဆိတ်များ၊ အမေရိကန်တို့၏ တရားဝင်လက်နက်ကိုင်ဆောင်ခွင့်အတွက် ပြဋ္ဌာန်းထားသော ဟင်းရွက်ကန်စွန်းရွက် လက်နက်ဥပဒေများ၊ ၂၀၀၇ခုနှစ် မေလ ၁၉ရက်မှ မေလ ၂၅ရက်အတွင်း မွေးဖွားသော ကလေးငယ်များ၏ ဘဝတစ်သက်တာကံဇာတာ ၊ တက္ကစီမင်းနှင့်လေဖြတ်ဝေဒနာရှင်၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မောင်ခင်မင်(ဓနုဖြူ)၊ မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ သက္က(ခေတ္တရာ)၊ မောင်မြတ်မွန်(ဆူးလေ)၊ မမြခက်၊ မောင်နေလင်းနှင့် အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

**ပြည်နယ်နှင့်တိုင်း ယူ–၁၈ ဘတ်စကက်ဘောပြိုင်ပွဲအမျိုးသား အကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းမှ ထက်အောင်လှိုင်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မန္တလေးတိုင်းအသင်း ပိတ်ဆို့ကာကွယ်စဉ်။**

(ကြေးမုံ)



## ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များယနေ့ကျင်းပမည်

**ရန်ကုန် မေ ၁၇**

၂၀၀၇ခုနှစ် တတိယအကြိမ်မြောက် အသက်(၁၈)နှစ်နှင့်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအမျိုးသားအသင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားအသင်း၊ လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအမျိုးသမီးအသင်းနှင့် စစ်ကိုင်းတိုင်းအမျိုးသမီးအသင်းတို့ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသမီးအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းက မန္တလေးတိုင်းကို (၅၀–၁၉) မှတ်၊ စစ်ကိုင်းတိုင်းက ပဲခူးတိုင်းကို (၆၂–၂၅)မှတ်ဖြင့် အနိုင်ရပြီး အမျိုးသားအကြို ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းက မန္တလေးတိုင်းကို (၁၀၄–၄၃)မှတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က ပဲခူးတိုင်းကို (၄၆–၃၈)မှတ် တို့ဖြင့် အသီးသီး အနိုင်ရရှိသွားကြသည်။

ဗိုလ်လုပွဲရောက် အသင်းလေးသင်းအနက် ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း၊ စစ်ကိုင်းတိုင်းအမျိုးသမီးအသင်းတို့မှာ ရှုံးပွဲမရှိဖြင့် ယခုအဆင့်သို့ တက်လှမ်းလာခြင်းဖြစ်သည်။ ဗိုလ်လုပွဲပွဲစဉ်များကို မေ ၁၈ရက်နံနက်၉နာရီတွင်စတင် ကျင်းပမည်ဖြစ်သည်။

**ယနေ့ပွဲ**

ဗိုလ်လုပွဲ

**(အမျိုးသား)**

ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)

**(အမျိုးသမီး)**

ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်း။

(ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၈–၅–၂၀၀၇(သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ | ရိုးရာကျေးလက်ကစားနည်း |
| ၈:၀၅ | ၆။ | ကြေးမုံရိပ်သွင်တေးနှယဉ် |
| ၈:၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈:၃၀ | ၈။ | International News. |
| ၈:၄၅ | ၉။ | Happy and Educational English Summer Course MRTV. |
| ၉:၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄:၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ) |
| ၄:၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၅:၀၀ | ၅။ | မြန်မာစာ၊မြန်မာစကား |
| ၅:၁၅ | ၆။ | နှောင်းခေတ်တေးပဒေသာ |
| ၅:၃၀ | ၇။ | **"ကြိုဆိုလျက်ပါ" (ငှက်ပျောကြော်၊ မင်းထက်ကျော်ဇင်၊နေထူးနိုင်၊ နေယံ၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊သင်ဇာဝင့်ကျော်) (အောင်မိုး–ပဲရစ်)** |
| ၅:၄၅ | ၈။ | အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံဒေသတွင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးပူးပေါင်း ဆောင်ရွက်မှု) |
| ၆:၀၀ | ၉။ | ညနေခင်းသတင်း |
| ၆:၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၁။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၇:၀၅ | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေရောင်သမ်းသော အသည်းနှလုံး"(အပိုင်း–၃)** |
| ၈:၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာနတ်သမီး" (အပိုင်း–၄)** |
| | ၁၇။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၈။ | အစီအစဉ်ပြီး၏။ |

# ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်သည့် ပထမနှစ်ပတ်လည်နေ့ ဝိဇာတမင်္ဂလာ အခမ်းအနား တက်ရောက်

နေပြည်တော် မေ ၁၇

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုတို့သည် မေ ၁၅ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမ၌ ကျင်းပသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်သည့် ပထမနှစ်ပတ်လည်နေ့ ဝိဇာတမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။**

ဝိဇာတမင်္ဂလာ အခမ်းအနားသို့ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူးကြီးညိုမြင့်နှင့် ဌာနမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

## အနေကဇာတင်

အခမ်းအနားတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော ပင့်သံဃာတော် ၁၅ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

## သီလခံယူ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဇနီး ဒေါ်ဝင်းဝင်းနုနှင့် ဌာနအကြီးအကဲများက ဆရာတော် သံဃာတော်တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော်များက မင်္ဂလသုတ်၊ မေတ္တသုတ်၊ ရတနသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားတော်မူကြသည်။ ဆက်လက်၍ ဝန်ကြီးနှင့်ဇနီး၊ ဌာနကြီးမှူးများနှင့် ဧည့်ပရိသတ်အပေါင်းတို့က သံဃာတော်များအား လှူဖွယ်ပစ္စည်း၊ ဝတ္ထု အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်က အနုမောဒနာ တရားဟောကြားတော်မူရာ ပရိသတ်တို့ကလှူဒါန်းမှု အစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြပြီး ဝိဇာတ မင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)




ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးဝင်းအတွင်း ဆောက်လုပ်မည့် နှစ်ထပ်ဝိသာခါ ကျောင်းဆောင်သစ်အတွက် ဧရာဝတီတိုင်း၊ ဘိုကလေးမြို့၊ ပေါ်ဆန်းမွှေးလမ်းနေ နဂါးနီဓာတ်မြေဩဇာရောင်းဝယ်ရေးမှ ကွယ်လွန်သူ ဦးစူးဝါး၊ သား ကိုထွန်းကြိုင်တို့အားရည်စူး၍ ဒေါ်လှစိန်မိသားစုက ငွေကျပ်ငါးသိန်းလှူဒါန်းရာ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတမထေရ်မြတ်က အနုမောဒနာရေစက်ချချီးမြှင့်၍ ဂေါပကအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း) အလှူငွေများကို လက်ခံယူစဉ်။ (က-ပ)

# တိုင်းရင်းဆေး အခြေခံပညာပေးသင်တန်းဖွင့် သင်တန်းအတွက် ငွေကျပ်သုံးသိန်း လှူဒါန်း

ရန်ကုန် မေ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အခြေခံပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ၁၅ရက်မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဆောက်လုပ်ရေးဝင်း ပင်မယန္တရားတောင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးက တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အခြေခံပညာပေး သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



**ရန်ကင်း ပြည်သာယာ(တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် သုဝဏ္ဏစုပေါင်းအိမ်ရာ ယင်းမာမြိုင်လမ်းနေ ဦးကြည်-ဒေါ်ချိုချိုသိန်းတို့ကို အမှူးထား၍ သမီးဒေါက်တာခင်သန့်စင်၊ ဒေါက်တာ ထွန်းထွန်း မိသားစုက ငွေကျပ်တစ်သိန်း တစ်သောင်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။** (၅၃၅)





**ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အခြေခံပညာပေးသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## လက်ခံ

ယင်းနောက် တိုင်းရင်းဆေးသင်တန်းအတွက် ဦးကျော်ဝင်း (မန်နေဂျင်းဒါရိုက်တာ T & G Group Co., Ltd.)က အလှူငွေကျပ် တစ်သိန်း၊ ဟာဂျီ ဦးတင်ရွှေ (ဆွေမြန်မာ ဆောက်လုပ်ရေး)၊ ဒေါ်တင်တင် (သမာဓိစတိုး)ဖော့ကန်၊ ဦးခင်မောင်ဝင်း၊ ဒေါ်စိုးစိုးသူ မိသားစု စော်ဘွားကြီးကုန်းနှင့် (၁၀)မိုင် လေဆိပ်ခရီးသည်ပို့ဆောင်ရေးအသင်းတို့က လှူဒါန်းငွေကျပ်ငါးသောင်းစီဖြင့် စုစုပေါင်း အလှူငွေကျပ်သုံးသိန်းကို ဒေါ်မာမာဝေက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့်အဖွဲ့သည် အသင်း၏ လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်းများ၊ တိုင်းရင်းပရဆေးပင်များ၊ တိုင်းရင်းဆေးအရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ သင်တန်းမှာ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသူ ၁၂၀ တက်ရောက်ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

# စားသောက်ကုန်နည်းပညာ သင်တန်းဖွင့်လှစ်

ပင်းတယ မေ ၁၇

သမဝါယမဝန်ကြီးဌာန သမဝါယမ ဦးစီးဌာနနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသထွက် သီးနှံများအား တာရှည်ခံ စားသောက်ကုန်ပစ္စည်း ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်ပွဲကို မေ ၁၄ ရက် နံနက် ၉ နာရီတွင် ပင်းတယမြို့နယ် စည်ပင်သာယာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းထွန်းတို့က အမှာစကားပြောကြားပြီးအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်ဖဲက အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၏လုပ်ငန်းဆိုင်ရာများရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ မေ ၁၄ ရက်မှ ၂၀ရက်အထိ ရက်သတ္တ တစ်ပတ်ဖြစ်ပြီး အဆိုပါသင်တန်းဖြစ်မြောက်ရေးအတွက် ပင်းတယမြို့နယ် ဈေးသမဝါယမ အသင်း လီမိတက်မှ လိုအပ်သည့် အကူအညီများ ပံ့ပိုးကူညီကြောင်း သတင်းရရှိသည်။

(သမဝါယမ)

# မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း အဋ္ဌမအကြိမ်ညီလာခံ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း အဋ္ဌမအကြိမ် ညီလာခံကို မေ၁၄ရက်နံနက်ပိုင်းတွင် တတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်သင်တန်းခန်းမ၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် ညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ရှေးဦးစွာ သဘာပတိ ဧရာဝတီတိုင်းမှ ဦးအောင်ခင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ လက်ထောက် ကျန်းမာရေးမှူး အသင်း အတွင်းရေးမှူး ဦးအောင်ခင်က ၂၀၀၅-၂၀၀၇ ခုနှစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကိုလည်းကောင်း၊ စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးချစ်ပိုက ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ် ၁၄ ဦးတို့က အကြံပြု ထောက်ခံဆွေးနွေးကြကာ ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ချမှတ်သည်။

ယင်းနောက် ၂၀၀၇-၂၀၀၉ ခုနှစ် သက်တမ်းကာလအတွက် ဗဟိုအလုပ်အမှုဆောင်အသစ်များအား ညီလာခံက ပြန်လည်ရွေးချယ်ရာ မြန်မာနိုင်ငံ လက်ထောက် ကျန်းမာရေးမှူးအသင်း ဥက္ကဋ္ဌအဖြစ် ဦးအောင်ခင် (ပဲခူးတိုင်း)၊ အတွင်းရေးမှူးအဖြစ် ဦးတင်လှိုင် (ရန်ကုန်တိုင်း)တို့ ပါဝင်သော ဗဟိုအလုပ်အမှုဆောင် ၂၁ဦး တို့အား ရွေးချယ်တင်မြှောက်ကြပြီး ညပိုင်းတွင် ပြည်နယ်နှင့် တိုင်းများမှ တက်ရောက်လာကြသော ကျန်းမာရေးမှူးများအား သူနာပြုတက္ကသိုလ် သင်တန်းခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၈-၅-၂၀၀၇ (သောကြာနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
**၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
**၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
**၄:၅၅** ၆။ မျိုးချစ်တပ်မတော်
**၅:၂၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
**၅:၃၅** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၁။ မိုးလေဝသသတင်း
**၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၄၀** ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
**၆:၄၅** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၁၈)**
**၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး" (ဒုတိယတွဲ) အပိုင်း(၄၃)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

# ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ဒုတိယအကြိမ်ခင်းကျင်းပြသပွဲ ကျင်းပ ပြည်တွင်းစက်မှုလုပ်ငန်းရှင်များ ထုတ်လုပ်ပေးနိုင်မှု ပထမအကြိမ်ကထက် များစွာပိုလာ

သတင်းဆောင်းပါး
ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း
ငွေးအောင်(ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲကို မေ ၁၄ ရက်မှ ၁၆ရက်အထိ ခင်းကျင်းပြသခဲ့ပြီး ပြပွဲ၏



**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသည့် ပုံနှိပ်စက်အမျိုးမျိုးနှင့် စက်ပစ္စည်းများ၏ အရန်ပစ္စည်းအမျိုးပေါင်း ၃၁၅ မျိုး ခင်းကျင်းပြသထား။**

ဦးဝင်းမြင့် ဌာနခွဲမှူး(စက်မှု)
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

နောက်ဆုံးနေ့တွင် ကြေးမုံသတင်းအဖွဲ့သည် ပြပွဲခင်းကျင်းပြသရာ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ သွားရောက်ကာ ပြပွဲတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဌာနခွဲမှူး(စက်မှု) ဦးဝင်းမြင့်နှင့် တွေ့ဆုံရာတွင် "ပထမအကြိမ် စက်အရန် ပစ္စည်းများ ခင်းကျင်းပြသပွဲကို ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့ကြောင်း၊ ယခုအကြိမ်မှာ ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ပြပွဲဖွင့်ပွဲနေ့တွင် ပြည်ပလုပ်ငန်းရှင် ၇၅ဦးကို ဖိတ်ကြားခဲ့ပြီး ၅၂ဦး တက်ရောက်ခဲ့ကြောင်း၊ဌာနဆိုင်ရာပညာရှင် ၁၈ ဦးနှင့် ကျွမ်းကျင်ပညာရှင် ခုနစ်ဦး တက်ရောက်ခဲ့ကြောင်း၊ မိမိတို့ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသည့် ပုံနှိပ်စက်အမျိုးမျိုးနှင့် စက်ပစ္စည်းများ၏ အရန်ပစ္စည်းအမျိုးပေါင်း ၃၁၅ မျိုးကို ပြည်တွင်းစက်မှုလုပ်ငန်းများမှ တီထွင်ထုတ်လုပ်နိုင်ရန် ခင်းကျင်းပြသထားကြောင်း၊ စက်အရန်ပစ္စည်းများကို သံ၊ သံမဏိတို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်းများ၊ သံမဏိမဟုတ်သော သတ္တုများဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်းများ၊ သတ္တုစပ်သံမဏိဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်းများ၊ ရော်ဘာဖြင့် ပြုလုပ်ထားသော စက်အရန် ပစ္စည်းများ၊ ဖိုင်ဘာ ပလတ်စတစ်တို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်းများ၊ လျှပ်စစ်နှင့် စပ်ဆိုင်သော စက်အရန်ပစ္စည်းများဟု အမျိုးအစား ခြောက်မျိုး ခွဲခြားထားကြောင်း"ဖြင့် ပြပွဲနှင့်ပတ်သက်၍ ဦးစွာ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ "ပြပွဲသို့ တက်ရောက်လာသော စက်မှုလုပ်ငန်းရှင်များထံ ပစ္စည်းအမျိုးအစားအလိုက် လုပ်နိုင်၊ မလုပ်နိုင် အကဲဖြတ်မှတ်တမ်းများ ဖြန့်ဝေပေးခဲ့ပြီး ယနေ့ပြပွဲပြီးဆုံးချိန်အထိ လုပ်ငန်းရှင်များထံမှ ပြန်လည်ပေးပို့သည့် အကဲဖြတ်မှတ်တမ်း ခုနစ်စောင်ရရှိခဲ့ပြီး၊ ပြပွဲပြီး နောက်ရက်များတွင်လည်း ကျန်ရှိသော စက်မှုလုပ်ငန်းရှင်များထံမှ အကဲဖြတ်မှတ်တမ်းကို လက်ခံသွားမည်ဖြစ်ကြောင်း၊ ယခုရရှိပြီး အကဲဖြတ် မှတ်တမ်းများကို လေ့လာရာတွင် မိမိတို့ ခင်းကျင်းပြသထားသည့် စက်နှင့် စက်အရန်ပစ္စည်း ၃၁၅ မျိုးထဲမှ ထက်ဝက်ကျော်ခန့်ကို ပြည်တွင်းစက်မှုလုပ်ငန်းရှင်များက ထုတ်လုပ်ပေးနိုင်သည်ကို တွေ့ရှိရကြောင်း၊ ပထမအကြိမ် ပြပွဲကျင်းပစဉ်ကထက် အရေအတွက်များစွာ ပိုမိုလာမည်ကို တွေ့ရ၍ အားရမိကြောင်း"ဖြင့် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ မန်နေဂျာ(ပုံနှိပ်) ဦးရန်မျိုးအောင်နှင့် တွေ့ဆုံရာတွင် "သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုနေသည့် ပုံနှိပ်စက်များ၏ အရန်ပစ္စည်းအရေအတွက် ၁၅၁ မျိုးကို ခင်းကျင်းပြသထားကြောင်း၊ အမျိုးအစား ခွဲခြားမှုတွင် အထက်က ဦးဝင်းမြင့် ရှင်းလင်းခဲ့ သကဲ့သို့ပင် ဖြစ်ကြောင်း၊ ယခင်က မိမိအနေဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းများမှ စက်အရန်ပစ္စည်းအမျိုးအမည် ၄၁



**စက်အရန်ပစ္စည်းများကို ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်ပေးနိုင်လျှင် ကျယ်ပြန့်သောဈေးကွက်ဖြစ်တည်နေ၍ အကျိုးဖြစ်ထွန်းလာနိုင်သည့်အပြင် နိုင်ငံခြားငွေချွေးခြံချွေတာရာလည်းရောက်မည်။**

ဦးရန်မျိုးအောင် မန်နေဂျာ(ပုံနှိပ်)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

မျိုးခန့်သာ မှာယူသုံးစွဲနိုင်ခဲ့ရာမှ ယခုအခါ အမျိုးအမည် ၈၀ ကျော်အထိ ရရှိနိုင်ပြီဟု ယခုပြပွဲ၌ လက်ခံရရှိခဲ့သည့် အကဲဖြတ်မှတ်တမ်းများအရ သိရှိရကြောင်း။

ပြည်တွင်း၌ နည်းပညာအရ မထုတ်လုပ်နိုင်သေးသော ရော်ဘာဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်းအချို့နှင့် လျှပ်စစ်နှင့် စပ်ဆိုင်သော စက်အရန်ပစ္စည်းအချို့ကိုမူ ပြည်ပမှ ဝယ်ယူသုံးစွဲနေရကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုနေသည့် ပုံနှိပ်စက်များနှင့် အမျိုးတူသုံးစွဲနေသည့် ပုဂ္ဂလိကပုံနှိပ်စက်များလည်း များပြားစွာရှိရာ နိုင်ငံသားစက်မှုလုပ်ငန်းရှင်များအနေဖြင့် စက်အရန် ပစ္စည်းများကို ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်ပေးနိုင်လျှင် ကျယ်ပြန့်သော ဈေးကွက်ဖြစ်တည်နေ၍ အကျိုးဖြစ်ထွန်းလာနိုင်သည့်အပြင် နိုင်ငံခြားငွေချွေးခြံချွေတာရာလည်း ရောက်မည်ဖြစ်ပါကြောင်း" ရှင်းလင်းပြောကြားသည်။

ယခုပြီးစီးခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြသော စက်မှုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူများ၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဆက်သွယ်အကြံပြု ညှိနှိုင်းဆောင်ရွက်ကြခြင်းဖြင့် ပြပွဲဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အမှာစကားပါ ရည်ရွယ်ချက်နှစ်ရပ်ဖြစ်သည့်"အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာသော စက်မှုဇုန်များ၏ အနေအထားအရ စက်ပစ္စည်းအမယ်သစ်များ ထပ်မံတိုးမြှင့်ထုတ်လုပ်ပေးနိုင်သည့် အခြေအနေရှိလာ၍ တိုးမြှင့်ထုတ်လုပ်ပေးသွားနိုင်ရေး၊ လုပ်ငန်းရှင်များနှင့် တစ်ဦးချင်း ညှိနှိုင်းထုတ်လုပ်နေခြင်းထက် ပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် မိမိတို့ ဝန်ကြီးဌာနရှိ ပညာရှင်ဝန်ထမ်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းက ပိုမိုအကျိုးရှိ အောင်မြင်မည်"ဟူသည့် ရည်ရွယ်ချက်ပြည့်ဝကာ စက်မှုနိုင်ငံတည်ဆောက်ရေးအတွက် အရေးပါသော ခြေလှမ်းကို စတင်နိုင်ကြမည် ဖြစ်ပါသည်။ ။

**ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲတွင် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များ လာရောက်ကြည့်ရှုလေ့လာသည်ကို တွေ့ရစဉ်။**






**ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲတွင် ပတ်လည်ပုံနှိပ်စက်သုံး သံ၊ သံမဏိဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်းများပြကွက်ကို တွေ့ရစဉ်။**

# မော်ရင်ဟိုကို စွဲချက်မတင်ဘဲ ရဲတပ်ဖွဲ့က ပြန်လည်လွှတ်ပေး

**လန်ဒန် မေ ၁၇**

အိမ်မွေးခွေးနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးအရာရှိတို့နှင့် စကားများခဲ့ပြီးနောက် ခေတ္တထိန်းသိမ်းခံခဲ့ရသူ ချယ်လ်ဆီးအသင်း မန်နေဂျာ မော်ရင်ဟိုကို ရဲတပ်ဖွဲ့က စွဲချက်မတင်ဘဲ ပြန်လည်လွှတ်ပေးလိုက်ကြောင်း ယနေ့ အင်တာနက် သတင်းတွင် ဖော်ပြသည်။

မေ ၁၆ရက်က မော်ရင်ဟိုသည် ၎င်း၏ အိမ်မွေးခွေးအား ကာကွယ်ဆေးထိုးနှံထားခြင်း ရှိ၊ မရှိအား လာရောက်စစ်ဆေးသူများနှင့် အချင်းများခဲ့သည်။ ၎င်းကို ရဲက တာဝန်ဝတ္တရားနှောင့်ယှက်မှုဖြင့် ဖမ်းဆီးခေါ်ဆောင်ခဲ့သော်လည်း သတိပေးစကားပြောကြားပြီးနောက် ပြန်လည်လွှတ်ပေးခဲ့သည်။

ယင်းဖြစ်ရပ်သည် မိမိ၏ မိသားစုရေးရာ ကိစ္စသာဖြစ်ပြီး အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် မိမိ၏အသင်း ယှဉ်ပြိုင်ကစားမှုကို ထိခိုက်စေမည် မဟုတ်ကြောင်း မော်ရင်ဟိုကပြောကြားသည်။ ***အင်တာနက်။***



**ချယ်လ်ဆီးအသင်း မန်နေဂျာ မော်ရင်ဟို။**

(ဓာတ်ပုံ–အင်တာနက်)

## *အင်တာနက်အားကစားသတင်းများ*

# လီဗာပူးအသင်းသို့ ဟာရီကီးဝဲလ် ပြန်လည်ရောက်လာ

**လီဗာပူး မေ ၁၇**

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အကြိုကာလတွင် လီဗာပူးအသင်းသို့ ဟာရီကီးဝဲလ် ပြန်လည်ရောက်ရှိလာခြင်းကို အသင်းဖော်ဂျွန်အန်းရိုက်စ်က ကြိုဆိုလိုက်ကြောင်း ယနေ့ အင်တာနက် သတင်းတွင် ဖော်ပြသည်။

ကီးဝဲလ်သည် လွန်ခဲ့သည့် ဘောလုံးရာသီက အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးချိန်မှစ၍ တစ်နှစ်ကြာမျှ ဘောလုံးကစားနိုင်ခြင်း မရှိပေ။

ကီးဝဲလ်သည် မေ ၂၃ရက်တွင် အေစီမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ပါဝင်ကစားခွင့်ရရှိရန်ကြိုးပမ်းလျက်ရှိသည်။ ကီးဝဲလ်သည် ပြီးခဲ့သည့်တနင်္ဂနွေနေ့က ချာလ်တန်အသင်းနှင့်ယှဉ်ပြိုင်ကစားသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၌ ပွဲချိန် ၅၇မိနစ်တွင် လူစား ဝင်ရောက်ကစားခဲ့ရာတွင် ချေပဂိုး တစ်ဂိုးကို ပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းပေးနိုင်ခဲ့သည်။ ယင်းပွဲတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ကီးဝဲလ်သည် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အရန်ဘောလုံးသမားအဖြစ်ရှိနေမည်ဟု မိမိယူဆကြောင်း၊ သို့ရာတွင် လီဗာပူးအသင်းသို့ ၎င်းပြန်လာခြင်းအတွက် မိမိတို့အားတက်မိကြောင်း အန်းရိုက်စ်က ပြောကြားသည်။ ***အင်တာနက်။***

# မန်ယူအသင်း ဆုဖလားနှစ်ခုရရှိရန် မိုက်ကယ်ကာရစ်လိုလား

**မန်ချက်စတာ မေ ၁၇**

မိမိ၏ မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီကို ဆုဖလားနှစ်ခုရရှိခြင်းဖြင့် အဆုံးသတ်စေလိုကြောင်း ယင်းအသင်းမှ မိုက်ကယ်ကာရစ်က ယနေ့ပြောကြားသည်။ ကာရစ်သည် မန်ချက်စတာယူနိုက်တက်အသင်းတွင် ၎င်း၏ ပွဲဦးထွက်ဘောလုံးရာသီအဖြစ် ပါဝင်ကစားခဲ့သူဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့် နွေရာသီက စပါးအသင်းမှ မန်ချက်စတာယူနိုက်တက် အသင်းသို့ အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ၁၈ ဒသမ ၆သန်းဖြင့် ရောက်ရှိလာခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသို့ ရောက်စတွင် ခြေမပေါ်ခဲ့သော်လည်း အရေးပါသည့် ကွင်းလယ်ကစားသမားအဖြစ် ပီပီပြင်ပြင် ရပ်တည်လာနိုင်ခဲ့သည်။

အင်္ဂလန် လက်ရွေးစင်ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ ကာရစ်သည် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ပါဝင်ကစားမည်ဖြစ်သည်။ ၎င်းသည် အက်ဖ်အေဖလားဗိုလ်လုပွဲ၌ ပထမဆုံးအကြိမ် ပါဝင်ကစားခွင့်ရရှိခြင်းဖြစ်သည်။

***အင်တာနက်။***



**မန်ချက်စတာ ယူနိုက်တက်အသင်း၏ ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်။**

(ဓာတ်ပုံ–အင်တာနက်)

# ဘေယန်မြူးနစ် ရလဒ်မကောင်းခဲ့ဟု အသင်းခေါင်းဆောင် အိုလီဗာခန်းပြောဆို

**ဘာလင် မေ ၁၇**

မိမိတို့အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ထူးချွန်ပြောင်မြောက်မှု မရှိခဲ့ကြောင်း၊ ၁၀နှစ်တာကာလအတွင်း အဆိုးရွားဆုံးရလဒ်ပင်ဖြစ်ကြောင်း၊ လာမည့်ဘောလုံးရာသီတွင် ရပ်တည်ချက်ပိုမိုကောင်းမွန်ရေးအတွက် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ဘေယန်မြူးနစ်အသင်း၏ အသင်းခေါင်းဆောင် အိုလီဗာခန်းက ယနေ့ပြောကြားသည်။

ဘေယန်မြူးနစ်နည်းပြဟစ်ဖ်ဖီးလ်သည် မိမိတို့၏အသင်းကို အောက်ခြေသိမ်းပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမည်ဟု ကတိပြုထားကြောင်း၊ သို့ရာတွင် မိမိတို့အသင်းသို့ မည်သည့်ဘောလုံးသမားသစ် ရောက်ရှိလာစေကာမူ အင်တိုက်အားတိုက် ကစားသွားရန်လိုအပ်ကြောင်း နိုင်ငံတကာဘောလုံးပြိုင်ပွဲပေါင်း ၈၆ပွဲတွင် ပါဝင်ကစားခဲ့သူ ဂိုးသမား ခန်းက ဂျာမနီနိုင်ငံတွင် ထုတ်ဝေသော စပို့တ်ဘီးလ်အားကစား မဂ္ဂဇင်းသို့ပြောကြားသည်။ ***အင်တာနက်။***

# ဂလက်ဇီအသင်းနှင့် ယှဉ်ပြိုင်ကစားခွင့်ရရန် ဩစတြေးလျဘောလုံးအသင်းတို့ ကြိုးပမ်း

**ဆစ်ဒနီ မေ ၁၇**

ဘောလုံးရာသီအကြို ချစ်ကြည်ရေးခြေစမ်းပွဲများကစားရန် အာရှသို့လာရောက်မည့် ဒေးဗစ်ဘက်ဟမ်း ပါဝင်သော လော့စ်အိန်ဂျလိစ် ဂလက်ဇီအသင်းနှင့် ယှဉ်ပြိုင်ကစားခွင့်ရရှိရန် ဩစတြေးလျနိုင်ငံရှိ ဆစ်ဒနီဘောလုံးအသင်းနှင့် မဲလ်ဘုန်း ဗစ်ထရီဘောလုံးအသင်းတို့ အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

ဩစတြေးလျမှလိဂ်ဘောလုံးပြိုင်ပွဲချန်ပီယံ ဆစ်ဒနီကလပ်အသင်းသည် ဂလက်ဇီအသင်းနှင့် ယှဉ်ပြိုင်ကစားခွင့်ရရှိရန် ယင်းအသင်း၏တာဝန်ရှိသူများနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ ထိုနည်းတူပင် မဲလ်ဘုန်းဗစ်ထရီဘောလုံးအသင်းကလည်း ၎င်း၏ကွင်းတွင် အမေရိကန်အခြေစိုက်အသင်းနှင့် ယှဉ်ပြိုင်ကစားခွင့်ရရှိရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သတင်းတွင် ဖော်ပြသည်။

ဩစတြေးလျဘောလုံးအသင်းများသည် ဘက်ဟမ်းပါဝင်မည့် ဂလက်ဇီအသင်းနှင့် ယှဉ်ပြိုင်ကစားခွင့်ရရှိခြင်းဖြင့် ငွေကြေးအကျိုးအမြတ်များစွာရရှိရန် မျှော်မှန်းကြသည်။ ***အင်တာနက်။***

# ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ ဇွန် ၁ ရက်တွင် ကျင်းပမည်

**ရန်ကုန် မေ ၁၇**

(၂၂၁)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို ဇွန် ၁ရက် နံနက် ၈နာရီမှ စတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်း အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမ ဆောင်၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၃၀၀နှစ်ဆု၊ ငွေကျပ် သိန်း ၂၀၀လေးဆု၊ ငွေကျပ် သိန်း ၁၀၀ ၃၁ ဆု၊ ငွေကျပ် ၁၀သိန်း ၄၆၄ဆု၊ ငွေကျပ် ငါး သိန်း ၂၀ ဆု၊ ငွေကျပ် လေးသိန်း ၂၅ဆု၊ ငွေကျပ် နှစ်သိန်း ၁၈၅ဆု၊ ငွေကျပ် တစ်သိန်း ၁၄၄၀ဆု၊ ငွေကျပ် ရှစ်သောင်း ၆၃ဆု၊ ငွေကျပ် လေးသောင်း ၁၀၀ဆု၊ ငွေကျပ် နှစ်သောင်း ၁၄၉၃၄ ဆု စုစုပေါင်း ၁၇၂၆၉ ဆု ဖြစ်သည်။

ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇွန် ၇ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ ရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပဲခူးတိုင်း ရွှေကျင်နှင့် ကျောက်ကြီးမြို့နယ်တို့အတွင်း သောင်းကျန်းသူ အဖျက်သမားထောင်ထားသည့် မိုင်းနင်းမိ ပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၇

**အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ မေ ၁၁ရက် နံနက် ၈နာရီခွဲခန့်က ရွှေကျင်မြို့နယ် ဘောကထကျေးရွာမှ ဦးတင်လှ၏ သား တိုးကြီး အသက်(၁၅)နှစ်သည် အစ်ကိုဖြစ်သူနှင့်အတူ ကျွဲပျောက်ရှာသွားစဉ် တောတွင်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ တိုးကြီး၏ ဘယ်ဘက်ခြေထောက် ခြေမျက်စိအထက်မှပြတ်ကာ ဘယ်ဘက်ဒူးခေါင်း မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။**

အလားတူ မေ ၁၁ရက် နံနက် ၈နာရီခွဲခန့်တွင် ကျောက်ကြီးမြို့နယ် ကော့ပြင်းကျေးရွာ (၃)ရပ်ကွက်နေ ဦးသောင်း၏ သား မောင်စန်းဝင်း အသက်(၃၈)နှစ်သည် ဟင်းရွက်ခူးရန်အတွက် တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး မောင်စန်းဝင်း၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်ကာ ညာဘက်လက်ဖျံ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့ကြသည့် တိုးကြီးအား ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ မောင်စန်းဝင်းအား မုန်းတိုက်နယ်ဆေးရုံသို့လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများကပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အချို့၌ ပျက်စီးဆုံးရှုံးမှုများရှိခဲ့

**ရန်ကုန် မေ ၁၇**

မေ ၁၄ ရက်နှင့် ၁၅ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော "အကာ့ရှ်" အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြည်နယ်၊တိုင်းအချို့ရှိ မြို့နယ်များတွင် မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှု အချို့ရှိခဲ့ကြောင်း သိရှိရသည်။

ချင်းပြည်နယ် ဟားခါးမြို့နယ်၌ ဟားခါး–ဂန့်ဂေါသွားလမ်းတွင် တောင်ပြိုပြီး လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သဖြင့် ယာဉ်သွားလာမှုခေတ္တရပ်တန့်ကာ တာဝန်ရှိသူများက စက်များဖြင့် ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့တွင် နေအိမ်တစ်လုံး၏ မီးဖိုဆောင်အုတ်နံရံ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အပြင် မကွေးတိုင်း ပေါက်မြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် ဆောမြို့တို့တွင် ချောင်းရေများကျဆင်းမှုကြောင့် ယာဉ်သွားလာမှုများ ခေတ္တရပ်တန့်ထားရခြင်း၊ ဓာတ်တိုင်အချို့ လဲကျပျက်စီးခြင်းများရှိခဲ့ကြောင်း၊ မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ကုတင်ရွာတွင် ရေနစ်မြုပ်မှုများရှိခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့တွင် ငါးဖမ်းစက်လှေနှစ်စင်း နစ်မြုပ်ခဲ့မှုကြောင့် ရေလုပ်သားအချို့ ပျောက်ဆုံးလျက်ရှိသဖြင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တွေမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် မြေပုံမြို့နယ်တို့တွင် သစ်ပင်များပြိုလဲခြင်း၊ အဆောက်အအုံအချို့ အမိုးလန်ခြင်း၊ ဖုန်းလိုင်းပြတ်တောက်ခြင်းများရှိခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်၊ အင်္ဂပူမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့တွင် နေအိမ်အချို့အမိုးလန်ခြင်း၊ စာသင်ကျောင်းဆောင်အချို့ အမိုးလန်ယိုင်နဲ့ ပျက်စီးသွားခဲ့သဖြင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကျိုက်လတ်မြို့နယ်၌ ဝက်သက်ကာကွယ်ဆေးထိုး

**ကျိုက်လတ် မေ ၁၄**

ဧရာဝတီတိုင်း၊ဖျာပုံခရိုင်၊ကျိုက်လတ်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ NGOအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် အသက်(၅)နှစ်အောက် မြို့နယ်အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း(၂၀၀၇)ကို ကျိုက်လတ်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များရှိ သတ်မှတ်စုရပ်များ၌ မေ၁၄ရက် နံနက်၈နာရီမှ စတင်၍ ပြုလုပ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးလုပ်ငန်း ကျင်းပရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သီတာမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းတင့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ NGOအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြပြီး ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ကျိုက်လတ်မြို့နယ်တွင် ၂၀၀၇ခုနှစ်၊ အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းကို မြို့နယ်လုံးကျွတ်ရှိ (၅)နှစ်အောက် ကလေး ၂၁၀၀၀ တို့အား စုရပ် ၃၅၀တွင် ကာကွယ်ဆေးထိုးအဖွဲ့ပေါင်း ၄၅ ဖွဲ့တို့က ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ NGO အဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးကြမည်ဖြစ်ရာ မေ ၁၄ရက်မှ ၂၇ရက်အထိ ရက်သတ္တပတ်နှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြို့နယ် ထွေ/အုပ်)

# မန္တလေးစက်မှုဇုန်(၂)ရှိ ထုတ်လုပ်မှုအခြေအနေများအား တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှု ၃၅ လမ်းနှင့် ၇၃ လမ်းထောင့် လမ်းကွေ့ တိုးချဲ့မည့်နေရာကိုစစ်ဆေး

ရန်ကုန် မေ ၁၇

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးစက်မှုဇုန်(၂) ၅၁ လမ်းနှင့် ဖိုးရာဇာလမ်းထောင့်ရှိ တော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက် (သံရည်ကျို၊ စက်ခုတ်စား၊ ပုံလောင်း၊ ပုံဖိစက်ရုံ)သို့ ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီက ရောက်ရှိပြီး အဆိုပါစက်ရုံမှ ထုတ်လုပ်သည့် MR 072 အမှတ်တံဆိပ် အပူထိန်း ဆီကြိတ်စက်နှင့် စက်ရုံအတွင်း ပြည်ပသွင်းကုန် အစားထိုးယာဉ်အပိုပစ္စည်း ထုတ်လုပ်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ တိုင်းမှူးအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းတို့က ကြိုဆိုကြပြီး မန္တလေး စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က စက်ရုံအတွင်း တည်ဆောက်ပြီးဖြစ်သည့် MR 072 အမှတ်တံဆိပ် အပူထိန်းဆီကြိတ်စက်နှင့် ပတ်သက်သည့် အချက်အလက်များ၊ လက်တွေ့ ကြိတ်ခွဲထုတ်လုပ်မှုများ၊ ဆီကြိတ်ပြီး ရရှိလာသည့် ကြက်ဆူဆီ နမူနာများအား ရှင်းလင်းပြသသည်။

အဆိုပါ ရှင်းလင်းပြသမှုများနှင့် ပတ်သက်၍ တိုင်းမှူးက ပြောကြားရာတွင် ဇီဝလောင်စာဆီအဖြစ် ကြက်ဆူစေ့မှရရှိသည့် ကြက်ဆူဆီဖြင့် အစားထိုးနိုင်ရေး အတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**





### ကြည့်ရှုစစ်ဆေး

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးစက်မှုဇုန်(၂)ရှိ မန္တလေးတော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက် သံရည်ကျို၊ စက်ခုတ်စား၊ ပုံလောင်း၊ပုံဖိစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ငွေဆောင်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၇

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ကြီးမှူးပြုလုပ်သော Seminar on Tourism Development of Ngwe Saung အလုပ်ရုံဆွေးနွေးပွဲကို မေ ၉ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်း ဧရာဝတီခရိုင် ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေရှိ Bay of Bengal Resort ညီလာခံမဏ္ဍပ်၌ပြုလုပ်ရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းငွေ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊**





**အလုပ်ရုံဆွေးနွေးပွဲ သဘာပတိနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာ့ဈေးကွက် မြှင့်တင်ရေးကော်မတီ MCC မှ တာဝန်ရှိသူများ၊ တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ ငွေဆောင်ဟိုတယ်လုပ်ငန်းရှင်များ၊ စာနယ်ဇင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူးက နိုင်ငံတကာခရီးသွားလုပ်ငန်း လျင်မြန်တိုးတက်ဖြစ်ပေါ်လာမှု အခြေအနေများနှင့် ငွေဆောင်ဒေသ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများအတွက် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းမှာကြားသည်။

ငင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်နေသည့် အခြေအနေများနှင့် သဘာဝအနေအထား ယိုယွင်းပျက်စီးမှုမရှိစေရန် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ဂရုပြုရေး ဆွေးနွေးမှာကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖**

### အမှာစကားပြောကြား

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် Seminar on Tourism Development of Ngwe Saung အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

### ယနေ့ မိုးလေဝသ (၁၈-၅-၂၀၀၇)

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**